ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်၊ တနင်္ဂနွေနေ့၊ (20-6-2010) (ဖြ၃၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်မှုနိုင်ငံတော် တည်ထောင်ရေး ပံ့ပိုးဖြည့်ဆည်းပေးနေသည့် ခိုင်မာမှန်ကန် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်

သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - ကိုထွေး
အဆင်အပြင် - စန်းဦး

ယနေ့ကာလတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မည်ကို အားလုံး လက်ခံထားကြပြီးဖြစ်သည်။ "သံသေတစ်ပြည်ဝ"ဆိုသော ဆိုရိုးစကားသည် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် တိုင်းပြည် သာယာဝပြောနိုင်ကြောင်း ညွှန်းဆိုလျက်ရှိပေသည်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခြေခံလိုအပ်ချက်များမှာ အတတ်ပညာ (နည်းပညာ)၊ အရင်းအနှီး(ကုန်ကြမ်းပစ္စည်း)နှင့် လူ့စွမ်းအားအရင်းအမြစ် (ကျွမ်းကျင်သော စက်မှုလုပ်သားများ)တို့ပင် ဖြစ်သည်။

"ကံမရှိ ဉာဏ်ရှိတိုင်းမွဲ" ဟူသော ဆိုရိုးစကားကဲ့သို့ပင် အတတ်ပညာ (နည်းပညာ) မည်မျှပင် ကုံလုံပြည့်စုံစေကာမူ ကုန်ထုတ်အရင်းအနှီး (ကုန်ကြမ်းပစ္စည်း) မရှိပါကလည်း စိတ်သွားတိုင်း ကိုယ်ပါနိုင်မည် မဟုတ်ပါချေ။ စက်ရုံ၊ အလုပ်ရုံများ ထူထောင်ရာတွင် လုပ်ငန်းပမာဏကြီးမားလျှင် ကြီးမားသလောက် ငွေကြေးရင်းနှီးမြှုပ်နှံမှု များပြားမည်သာဖြစ်သည်။ ယင်းသို့ ငွေကြေးရင်းနှီးမြှုပ်နှံမှုပမာဏ များပြားသည့် အခြေအနေမျိုးတွင် ဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေအကူအညီများ ရယူ၍ အကောင်အထည်ဖော်ကြရလေ့ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (MIDC)၏ ဦးဆောင်မှု၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (MIDWC)၏ ကြီးကြပ်မှုတို့ဖြင့် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် (MIDB)ကို တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ ယခုဆိုလျှင် ၁၅ နှစ်သက်တမ်း ရောက်ရှိခဲ့ပြီဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် (နေပြည်တော်)ကို တွေ့ရစဉ်။

အင်တာနက်နည်းပညာသတင်း | ဘာသာပြန် - သတင်းလုလင်

နေစွမ်းအင်သုံး အာကာသယာဉ် ဂျပန်သိပ္ပံပညာရှင်များ လေ့လာ

တိုကျို ဇွန် ၁၉

ဂျပန်သိပ္ပံပညာရှင်များသည် အာကာသအတွင်း နေရောင်ခြည်စွမ်းအင်ဖြင့် အာကာသယာဉ်များ ခရီးနှင်နိုင်မည့် နည်းပညာတစ်ရပ်ကို တီထွင်ဖော်ထုတ်နိုင်ရန် လေ့လာလျက်ရှိကြောင်း ဂျပန်အာကာသ စူးစမ်းလေ့လာရေး အေဂျင်စီက လွှတ်တင်ထားသော နေရောင်ခြည်စွမ်းအင်သုံး အာကာသယာဉ်ငယ်တစ်စင်းသည် အာကာသခရီးစဉ် ရည်မှန်းချက်များနှင့်အညီ ခရီးနှင်လျက်ရှိကြောင်း ဇွန် ၁၉ ရက် သတင်းတွင် ဖော်ပြသည်။

ယာဉ်၏တွန်းကန်အား ဖြစ်ပေါ်စေရေးအတွက် နေရောင်ခြည်ကို အသုံးပြုနိုင်ရန် ဂျပန်သိပ္ပံပညာရှင်များက IKAROS အမည်ပေးထားသော အာကာသယာဉ်တစ်စင်းကို လွှတ်တင်ခဲ့ပြီး ယင်းအာကာသယာဉ်သည် သောကြာဂြိုဟ်သို့ ဦးတည်ကာ ခြောက်လကြာ ခရီးနှင်မည် ဖြစ်သည်။

အဆိုပါ အာကာသယာဉ်သည် စွန်ပုံသဏ္ဍာန်ဖြစ်ပြီး အာကာသယာဉ်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို အလွန်ပါးလွှာသော ဆိုလာဆဲလ်များမှ ရယူသည်။

နေစကြဝဠာအတွင်း အာကာသယာဉ်များ ခရီးနှင်ရာတွင် ဓာတုဗေဒ **စာမျက်နှာ ၃ ကော်လံ ၅ သို့**



နေရောင်ခြည် စွမ်းအင်သုံး အာကာသယာဉ် IKAROS အာကာသအတွင်း ခရီးနှင်နေပုံကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သတင်းများအညွှန်း

❑ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး။
စာမျက်နှာ ၉

❑ ကယားပြည်နယ် ဒီမောဆိုနှင့် ဖရူဆိုမြို့နယ်တို့၌ ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုမဲရုံမှူး၊ လွှတ်တော်သုံးရပ်ဥပဒေ၊ နည်းဥပဒေသင်တန်းများ ပို့ချ။
စာမျက်နှာ ၃

❑ မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ တိုင်း၊ ခရိုင်နှင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ မဲစာရင်းပြုစုရေး ရှင်းလင်းဆွေးနွေး။
စာမျက်နှာ ၃

❑ အင်္ဂလန်အသင်းအဝတ်လဲခန်းအတွင်းသို့ ပရိသတ်တစ်ဦး ကျူးကျော်ဝင်ရောက်။
စာမျက်နှာ ၄

ကြေးမုံ The Mirror
၂၀-၆-၂၀၁၀
(တနင်္ဂနွေနေ့)

အသက်မွေးမှုပညာရပ်များ တိုးမြှင့်သင်ကြား

နိုင်ငံတော်က တိုင်းရင်းသားလူမျိုးများအားလုံး၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးကို အလေးထားသည်။ ဒေသတစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်းလုံး၌ ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်နေသည်။

အထူးသဖြင့် နယ်စပ်ဒေသများ၌ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် တိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်နိုင်ရေး အခြေခံပညာကျောင်းများ တိုးမြှင့်တည်ဆောက်ဖွင့်လှစ်ပေးထားပြီ။ လူငယ်လူရွယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်သည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများ ဖွင့်လှစ်၍ သင်ကြားပေးနေသည်ကို တွေ့ရသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းများ ဖွင့်လှစ်ပေးထားပြီ။ စက်မှုလက်မှုပညာ တတ်မြောက်၍ နယ်စပ်ဒေသ မြို့ပြစီမံကိန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရေး လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။ အဆိုပါ စက်မှုလက်မှု ပညာသင်တန်းကျောင်းများမှ အခြေခံအဆောက်အအုံပညာ၊ လျှပ်စစ်ဂဟေပညာနှင့် စက်ပြင်ပညာရပ် တတ်မြောက်သည့် တိုင်းရင်းသားလူငယ်များ ပေါ်ထွက်လာလျက်ရှိနေပြီ။

ထို့နည်းတူ လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေး အတတ်ပညာ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာ သင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးထားသည်။ အဆိုပါ သင်တန်းကျောင်းများတွင် အခြေခံအိမ်တွင်းမှု သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ အိမ်တွင်းလက်မှုသင်တန်း(ကြိမ်)၊ အိမ်တွင်းလက်မှုသင်တန်း(ဝါး)တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေး အတတ်ပညာ သင်တန်းအမှတ်စဉ်(၄)ဆင်းပွဲကို ဇွန် ၄ ရက်က ဧရာဝတီတိုင်း လပွတ္တာမြို့ (၃)မိုင် မြို့သစ်ရှိ သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။ မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား ၁၀၀ တက်ရောက်ခဲ့ကြပြီး ဆုရသင်တန်းသားများအား ဆုအသီးသီး ချီးမြှင့်ခဲ့သည်။

စက်မှုလက်မှုပညာ၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများတွင် သင်တန်းကာလအတွင်း သင်ထောက်ကူပစ္စည်း၊ နေထိုင်စားသောက်စရိတ်များ အခမဲ့စီစဉ်ပေးလျက်ရှိသည်။ နယ်စပ်ဒေသ အပါအဝင် ဒေသအသီးသီး၌ အသက်မွေးမှုပညာရပ်များ တိုးမြှင့်သင်ကြားပေးလျက်ရှိရာ လူငယ်လူရွယ်များ စက်မှုစွမ်းရည်မြင့်မား အသက်မွေးမှုပညာရပ်များ တိုးပွားလာကာ ဘဝရပ်တည်နိုင်ရေး အကျိုးရလဒ်ကောင်းများ ပိုမိုဖြစ်ထွန်း ရရှိလာနေပြီဖြစ်ပါသည်။ ။

စမ်းချောင်းမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၉

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးစိန်မြင့်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးကြည်သန်းတို့က အသိပညာပေး အစီအစဉ်များကို ဟောပြောကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(ညွှန်ကြားရေးမှူး) ဦးစိန်မြင့် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေး ဟောပြောစဉ်။ (ပညာရေး)

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ပိုလ်ချုပ်စိုးဝင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် ဇွန် ၁၉

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၄ ရက်နှင့် ၅ ရက်တို့တွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အဆိုပါအစည်းအဝေးသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်သည်။

အစီအစဉ်အရ တာဝန်ရှိသူများက သက်ဆိုင်ရာမြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ရခြင်းနှင့် ပတ်သက်၍ရှင်းလင်းတင်ပြကာ တိုင်းမှူးက တာဝန်ရှိသူအသီးသီးထံ နှစ်စဉ်စီမံကိန်း ရည်မှန်းချက်တာဝန်များနှင့် စတုတ္ထစပါးကို ရည်မှန်းချက် တာဝန်ပေးအပ်လွှာများကို ပေးအပ်ခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန် ဖုံး၊ သွန်း၊ လဲ၊ စစ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၉

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းအခမ်းအနားကို ဇွန် ၁၁ ရက်နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ်၌ ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် တက်ရောက်၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ခြင်ထောင်ဆေးစိမ်ခြင်း၊ ခြင်ဆေးဖျန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဖုံး၊ သွန်း၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရွှေတချောင်းမြောင်း တည်ဆောက်ပြီးစီးမှုနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် မြို့တော်ခန်းမ၌ ကျင်းပသော မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး ဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး မြို့တော်ဝန်က နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ကြီးဒေါ်ကြီး ဒေါ်ခင်ညွန့်အား ရည်စူး၍ ကျောင်းကြီးလမ်း ဈေးကြီးအရှေ့ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့နေ ဦးဇော်တင်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၂၅၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (သံဃာ့ဆေးရုံ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၃)ထွက်ရှိ

ရန်ကုန် ဇွန် ၁၉

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၃)၌ မြန်မာသဘော်ာကပ္ပတိန်နှင့်အဖွဲ့ လှိုင်းကြားလေကြား သက်စွန့်ဆံဖျားဖြင့် လူလေးဦးအသက်ကယ်၊ ရခိုင်ပြည်နယ်တွင် မိုးရေချိန် စံချိန်တင်ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ကာ လူသေဆုံး၊ မြန်မာနိုင်ငံ၏ ပထမဆုံးနိုင်ငံတကာအဆင့်မီ Door to Door Whole Sale Market တစ်ခု တည်ဆောက်မည်၊ မြန်မာနိုင်ငံအနှံ့တွင်ရှိသောလမ်းများကို ကုမ္ပဏီများအား BOT စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေး၊ နေပြည်တော်စည်ပင်ဈေးများ မီးဘေးကြိုတင်ကာကွယ်မှုဆောင်ရွက်၊ နေပြည်တော်တွင် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ စတင်ရောင်းချပေး၊ ယခုနှစ်လာနီညာ ဖြစ်ပေါ်ပါက လာမည့်နှစ်နွေရာသီ အပူသက်သာမည်၊ သိမ်းဆည်းခံရသော တရားမဝင်ဆိုင်ကယ်များ ပြန်လည်လျှောက်ထားလာပါက ကျသင့်တန်ဖိုးနှင့် အခွန်ငွေများပေးဆောင်ကာ တရားဝင်မှတ်ပုံတင်ခွင့်ပေးမည်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရင်ခွဲရုံတွင် အပတ်စဉ် ပိုင်ရှင်မဲ့အလောင်း ၂၀ နီးပါးကို နိုင်ငံတော်စရိတ်ဖြင့် သင်္ဂြိုဟ်ပေးနေရ၊ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများတွင် နည်းပညာတိုက်ခိုက်ခံရပါက ကူညီပေးမည်၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ကိုးဦးအနက် နှစ်ဦးအောင်မြင်၊ မာဒေးကား ဖလားပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းအတွက် နိုင်ငံခြားသားနည်းပြခေါ်ယူမည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ဦးဗိုင်းလှယ်ထန်း (အထွေထွေအတွင်းရေးမှူး၊ ချင်းတိုးတက်ရေးပါတီ)နှင့် တွေ့ဆုံခြင်း၊ ရှေးဟောင်းထီးလှိုင်ရှင်ကျောင်းတော်ကြီး Myanmar DISCOVERY၊ စိုးရိမ်စိတ်ကင်း ကြည်နူးခြင်းသို့၊ ခေတ်သစ်ကျွန်ပြုလုပ်ငန်းထဲက လိင်ကုန်ကူးမှုကဲ့သို့သော ဖတ်စရာမှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

"အနာဂတ်မှာ နှစ်နိုင်ငံဆက်ဆံရေး ပျက်ပြားသွားမယ်" တူရကီဝန်ကြီးချုပ်ဟောင်း မီဆွတ်ယီလ်မက်ဇ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံခြင်းအင်တာဗျူးဆောင်းပါးနှင့်အတူ ဖီဖာ၏ဝင်ငွေတိုးပွားအောင်ပြုလုပ်ခြင်းသည် ဘောလုံးလောက ဖွံ့ဖြိုးရေးအတွက်ဖြစ်မည်လား၊ အစ္စရေးတွေ ပါလက်စတိုင်းက ထွက်သွားသင့်တယ်ဟုပြောသော အိမ်ဖြူတော်ဝါရင့်သတင်းထောက် အလုပ်မှထွက်ခဲ့ရ စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာပြည်တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၆-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၄။ **ကာတွန်းအစီအစဉ် -အမြွာစုံထောက် (အပိုင်း-၁၄)**
၁၁း၂၅ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အချစ်ပျောက်ရှာဖွေခြင်း**
၁၂း၃၀ ၆။ ကျန်းမာသုတ
၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၄၅)**
၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
၂း၅၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၄း၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၀။ **ဘဝကြေးမုံ -တန်ဖိုး** (အံ့သစ်ကျော်၊ ရှင်းရှင်း၊ ဂွမ်းပုံကြီး၊ ဒေါ်ခင်ခင်ကြီး) (ဒါရိုက်တာ-ဘုန်းမျိုးကျော်)
၆း၅၀ ၁၁။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀ ၁၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - ရင်နှစ်သည်းချာ (အပိုင်း-၃၉)**
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြား သတင်း
၁၄။ နိုင်ငံတကာသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ကျန်းမာသုတ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လရောင်ဆမ်းတဲ့ ဒဏ္ဍာရီ (အပိုင်း-၁၅)**
၂၁။ **လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၃)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၈ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

ရပ်ကွက်အတွင်း ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်စာသင်နိုင်ရေး ကျောင်းစရိတ်နှင့် ပုံနှိပ်စာအုပ်၊ စာရေးကိရိယာများ လှူဒါန်းပွဲကို ဇွန် ၃ရက်က သယ်န်းကျွန်းမြို့နယ် အမက(၂၃)ကျောင်း၌ ကျင်းပရာ အလှူရှင်များနှင့် ၎/ခ ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်အောင်တို့ ကျောင်းနေအရွယ်ကလေး ၇၁ ဦးတို့အား ပညာသင်စရိတ်၊ ပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်စဉ်။

(ဘ၀၆)

မန္တလေးတိုင်း ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၁၉

မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ၏ မန္တလေးတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထွဋ်၊ အတွင်းရေးမှူး ဦးတင်ဦးနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း အင်အား ၉၀ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထွဋ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အတွင်းရေးမှူး ဦးတင်ဦးက တိုင်းအတွင်းရှိ ခရိုင်အလိုက် မဲစာရင်းပြုစုရေးကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အခြေအနေများကို လည်းကောင်း၊ အဖွဲ့ဝင်ဦးညိုရွှေ (ညွှန်ကြားရေးမှူး လဝက)က ခရိုင်အလိုက် လူဦးရေစာရင်းပြုစုရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက ခရိုင်နှင့် မြို့နယ်အလိုက် မဲစာရင်းပြုစုရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ထွဋ်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကယားပြည်နယ် ဒီမောဆိုနှင့် ဖရူဆိုမြို့နယ်တို့၌ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချ

နေပြည်တော် ဇွန် ၁၉

ကယားပြည်နယ် ဒီမောဆိုမြို့နယ် ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒုမဲရုံးမှူး၊ မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက် နံနက် ၉ နာရီတွင် ဒီမောဆိုမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်ကို လည်းကောင်း၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးစိုင်းသိန်းလွင်က မဲရုံမှူး၊ ဒုမဲရုံမှူးလုပ်ငန်းလမ်းညွှန်ကိုလည်းကောင်း၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးစိုင်းမြသောင်းက လွှတ်တော်သုံးရပ် ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း ပို့ချကြသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်၊ မဲရုံမှူးနှင့် ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင် စုစုပေါင်း ၂၄၅ ဦး တက်ရောက်ခဲ့ကြသည်။

အလားတူ ဖရူဆိုမြို့နယ် ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီတွင် ဖရူဆိုမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း တော်ဝင်သဇင်ခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက ဇွန် ၁၈ ရက်တွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းအတွက် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်ကို ပို့ချကာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ ဖြစ်ကြသည့် ဦးစိုင်းသိန်းလွင်၊ ဦးစိုင်းမြသောင်းနှင့် ဒေါက်တာသန်းဝင်းတို့က လုပ်ငန်းလမ်းညွှန်ချက်များနှင့် ဥပဒေ၊ နည်းဥပဒေများကို ပို့ချကြသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်၊ မဲရုံမှူးနှင့် ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင် ၁၄၇ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မေ ၂၉ရက်က မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ လမ်းဘေးဝဲ၊ ယာ တစ်လျှောက် အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးသန်းထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

✳ နေစွမ်းအင်သုံးမှ

လောင်စာများ အသုံးပြုမည့်အစား နေစွမ်းအင်ကို အသုံးပြုနိုင်ရန် အဆိုပါ အာကာသယာဉ်ကို လွှတ်တင်ခဲ့သည်။

ဂျပန်အာကာသ စူးစမ်းလေ့လာရေး အေဂျင်စီသည် IKAROS အာကာသယာဉ်ကို H-IIA ဒုံးပျံယာဉ်ဖြင့် မေ ၂၁ ရက်က လွှတ်တင်ခဲ့သည်။

IKAROS အာကာသယာဉ်တွင် စတုရန်းပေ ၂၁၀၀ အရွယ် အလွန်ပါးလွှာသော ဆိုလာဆဲလ်ပြားများ တပ်ဆင်ထားသည်။ အဆိုပါအာကာသယာဉ်ကို "အာကာသရွက်လှေ" Space Yacht ဟုလည်း တင်စားခေါ်ဝေါ်သည်။

ဂျပန်သိပ္ပံပညာရှင်များ လေ့လာနေသော Solar Sail Technology သည် အနာဂတ်ကာလ၌ ဂြိုဟ်တုများကို လွှတ်တင်ထားရာတွင် ယာဉ်၏တွန်းကန်အား ရရှိရေးအတွက် Photon ခေါ် နေရောင်ခြည်ဆိုင်ရာ လျှပ်စစ်သံလိုက်လှိုင်းများ အသုံးပြုနိုင်ရန် ဖြစ်သည်ဆို၏။

ဂျပန်သိပ္ပံပညာရှင်များသည် အာကာသအတွင်း လွင့်မျောနေသော IKAROS အာကာသယာဉ်နှင့် ပတ်သက်နေသော ဓာတ်ပုံများကို လက်ခံရရှိပြီဟု သိရသည်။

IKAROS အာကာသယာဉ်သည် ဇွန် ၃ ရက်က ကမ္ဘာမှ ကီလိုမီတာ ခုနစ်သန်းခန့် အကွာအဝေးတွင် လွင့်မျောကာ ခရီးနှင်နေသည်ဟု ဂျပန်အာကာသ စူးစမ်းလေ့လာရေးအေဂျင်စီ၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အင်တာနက်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် တောင်တွင်းကြီး၌ ကျင်းပ

တောင်တွင်းကြီး ဇွန် ၁၉

တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၉ ရက်တွင် တောင်တွင်းကြီးမြို့နယ် ဟင်္ဂရော်အုပ်စု၊ တလုပ်ပင်ကျေးရွာအနီး မကွေး-တောင်တွင်းကြီး ကားလမ်းမကြီးဘေးနှင့် ကွဲဖြူကန်ကျေးရွာအဝင် လမ်းဘေးဝဲ၊ယာ၌ ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ ဒုတိယရဲမှူးသောင်းခင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းသိန်း၊ စိမ်းစိုဦးစီးဌာန ဦးစီးအရာရှိ ဦးငွေစိုးဦးနှင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွာသူရွာသားများ တက်ရောက်ပြီး ယူကလစ်ပင် ၅၄၀ နှင့် ကျွန်းပင် ၁၅၅၀ စုစုပေါင်း အပင် ၂၀၉၀ တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

(မြို့နယ်ပြန်/ဆက်)

ကမာရွတ်မြို့နယ် အင်းလျားလမ်းနေ ဦးကြည်ထွဏ်း (စာရေးဆရာထန်လှိုင်)တရားရုံးချုပ်ရှေ့နေ (၆) လပြည့်အားရည်စူး၍ ဇနီး ဒေါ်သိန်းသိန်းမြင့်နှင့် သားကြီး-ဗိုလ်ကြီး လွှမ်းမိုးဟန် M.B.,B.S ဆေးကုသမှုပါရဂူ - မစန္ဒီမြလှ၊ သမီးငယ် ဗိုလ်ကြီး အောင်စည်သူမျိုး M.B.,B.S-ဒေါက်တာခင်လပြည့်ထွဏ်းမိသားစုတို့က ထာဝရဆွမ်းပဒေသာပင်အတွက် စင်ကာပူဒေါ်လာတစ်ရာကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

အီရတ်နိုင်ငံတွင် ဗုံးပေါက်ကွဲ၊ ခြောက်ဦးထက်မနည်း သေဆုံး

ဘဂ္ဂဒက် ဇွန် ၁၉

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ကားဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် ခြောက်ဦးထက်မနည်းသေဆုံးပြီး ၈၀ ကျော် ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သောကြာနေ့က တာ့ဇ် လူနည်းစုမျိုးနွယ်များ နေထိုင်ရာ တာ့ဇ်ခါမာတိုမြို့တွင် ပထမကားဗုံးတစ်လုံး ပေါက်ကွဲခြင်းဖြစ်ကြောင်း၊ ပြည်နယ်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်၏ အိမ်အနီးတွင် ဖြစ်ကြောင်း ရဲတပ်ဖွဲ့မှတာဝန်ရှိပုဂ္ဂိုလ်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ပျက်စီး

ယင်းပထမဗုံး ပေါက်ကွဲမှုတွင် အမျိုးသမီးများနှင့် ကလေးများ အပါအဝင် လူ ၅၀ ခန့် ဒဏ်ရာရရှိပြီး ခြောက်ဦးသေဆုံးကြောင်း၊ အနီးတစ်ဝိုက်ရှိ အိမ်အချို့ ပျက်စီးသွားကြောင်း သိရသည်။

ဒုတိယပေါက်ကွဲသော ကားဗုံးမှာ ဘာကျူဘာမြို့တွင် ဖြစ်ပွားခဲ့ပြီး၊ ရဲတပ်ဖွဲ့အကြီးအကဲ မတ်စ်တာ ဖာအယ်လ်တာမီမီ၏ နေအိမ်အား ပစ်မှတ်ထား၍ ဖောက်ခွဲခြင်းဖြစ်ကြောင်း၊ အမျိုးသမီးများနှင့် ကလေးများ အများဆုံး ဒဏ်ရာရရှိကြောင်း ပြောကြားသည်။

ဖြည့်စွက်ပြောကြား

အယ်လ်တာမီမီ၏ နေအိမ်မှာ လုံးဝနီးပါး ပျက်စီးသွားသည်။ ၎င်း၏ ကလေးသုံးဦး၊ ဇနီးနှင့် ညီအစ်ကိုနှစ်ဦး ဒဏ်ရာများ ရရှိသွားသည်။ ကျန်မိသားစုမှ အမျိုးသမီး ကိုးဦးနှင့် ကလေးခုနစ်ဦး ဒဏ်ရာရရှိသွားသည်ဟု တာဝန်ရှိပုဂ္ဂိုလ်က ဖြည့်စွက်ပြောကြား သည်။

အမ်အင်အေ၊ဆင်ဟွာ။

မြေကြီးမှန် နိုင်ငံတကာ သတင်းများ

အင်္ဂလန်နှင့် အယ်လ်ဂျီးရီးယားတို့ပွဲ၌ အင်္ဂလန်တိုက်စစ်မှူး ဝိန်းရွန်နေ ဤကဲ့သို့ ထိုးဖောက်ကစားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယီမင်ထောက်လှမ်းရေးဌာနချုပ် အတိုက်ခံရ

အေဒင်(ယီမင်) ဇွန် ၁၉

ယီမင်နိုင်ငံတောင်ပိုင်း မြို့တော်အေဒင်ရှိ ယီမင်ထောက်လှမ်းရေးဌာနချုပ် ကို စနေနေ့တွင် သေနတ်သမားများက တိုက်ခိုက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့မှ အနည်းဆုံး လူနှစ်ဦး သေဆုံးသည်။ အတည်မပြုနိုင်သော သတင်းများတွင် လုံခြုံရေးဝန်ထမ်း ခြောက်ဦးအပါအဝင် ၁၁ ဦး သေဆုံးသည်ဟု ဆိုသည်။

အပြင်းအထန် အပြန်အလှန် ပစ်ခတ်ကြ၍ ထိုဒေသတစ်ဝိုက်၌ မီးခိုးလုံးများ တက်လာလျက်ရှိသည်။

အစိုးရ၏ ချေမှုန်းမှုကို တုံ့ပြန်ရန်အတွက် ၎င်းအား ထောက်ခံသူများကို လက်နက်စွဲကိုင်ကြရန် တိုက်တွန်းလျက်ရှိသည့် အယ်လ်ခိုင်ဒါအဖွဲ့၏ လုပ်ရပ်ဟု ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

မြို့တော်၏ အယ်တော်ဝါဟီခရိုင်အတွင်းရှိ အဆောက်အအုံမှ စစ်သွေးကြွဟု သံသယရှိသူများသည် ထွက်ပြေးလွတ်မြောက်သွားခဲ့ကြသည်ဟု တာဝန်ရှိသူများက ပြောသည်။

အမ်အင်အေ၊ရိုက်တာ။

တူရကီနိုင်ငံအရှေ့ပိုင်း ဘစ်လစ်ပြည်နယ်တွင် အီရန်ခရီးသည်တင်ယာဉ် တိမ်းမှောက်မှုဖြစ်ပွားသည့်နေရာ၌ ကယ်ဆယ်ရေးအဖွဲ့များအား ဇွန် ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူရကီအရှေ့ပိုင်း၌ အီရန်ခရီးသည်တင်ယာဉ် တိမ်းမှောက် ခြောက်ဦးသေဆုံးပြီး ၄၅ ဦး ဒဏ်ရာရရှိ

အင်ကာရာ ဇွန် ၁၉

တူရကီနိုင်ငံအရှေ့ပိုင်းတွင် ဇွန် ၁၉ ရက်က အီရန်နိုင်ငံ ခရီးသည်တင် ဘတ်စ်ကား တိမ်းမှောက်မှု ဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး ၄၅ ဦး ဒဏ်ရာရရှိကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အီရန်ခရီးသည်တင်ဘတ်စ်ကားသည် တူရကီနိုင်ငံအရှေ့ပိုင်း ဘစ်လစ်ပြည်နယ် အက်လတ်မြို့ ယာဉ်သွားလမ်းမပေါ်ရှိ ကျွန်းအားတိုက်မိပြီး တိမ်းမှောက်ခဲ့ကြောင်း ဖော်ပြသည်။

ဒဏ်ရာရရှိသူများကို အက်လတ်၊ တတ်ဗင်နှင့် ဘစ်လစ်ဒေသတို့ရှိ ဆေးရုံများသို့ တင်ပို့ခဲ့ကြောင်း ထည့်သွင်းဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်္ဂလန်အသင်းအဝတ်လဲခန်းအတွင်းသို့ ပရိသတ်တစ်ဦး ကျူးကျော်ဝင်ရောက်

ကိတ်တောင်း ဇွန် ၁၉

ဘောလုံးပွဲကြည့် ပရိသတ်တစ်ဦးသည် လုံခြုံရေး အတားအဆီးများကို ဖြတ်ကျော်လာပြီး အင်္ဂလန်အသင်း၏ အဝတ်လဲခန်းအတွင်းသို့ ဝင်ရောက်လာသည့်အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ကမ္ဘာ့ဖလားဘောလုံးပွဲစီစဉ်သူ ဖီဖာသို့ တိုင်ကြားခဲ့သည်။

ပေါ်ပေါက်

ကိတ်တောင်းမြို့ အားကစားကွင်း၌ ကျင်းပသော အုပ်စု (ဂ)မှ အင်္ဂလန်နှင့် အယ်လ်ဂျီးရီးယားပွဲအပြီးတွင် အဆိုပါဖြစ်ရပ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

၎င်း ကျူးကျော်ဝင်ရောက်လာသူကို လုံခြုံရေးအစောင့်များက မကြာခင်မှာပင် ခေါ်ထုတ်သွားခဲ့သည်။ ၎င်းက ဘောလုံးသမားများကို စကားအနည်းငယ်သာ ပြောသွားခဲ့သော်လည်း လုံခြုံရေးလစ်ဟင်းမှုဖြစ်သည့်အတွက် အက်ဖ်အေကို ဒေါသဖြစ်စေခဲ့သည်။

ယင်းကိစ္စရပ်သည် လက်ခံနိုင်ဖွယ်ရာမဟုတ်ကြောင်း၊ ဘောလုံးသမားများကို အနာတရဖြစ်စေရန်လုပ်မသွားသည်ကိုပင် ကျေးဇူးတင်ရမည် ဖြစ်ကြောင်း သောကြာနေ့ညက အက်ဖ်အေက ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။

လာရောက်လည်ပတ်

အာဖရိကတောင်ပိုင်းသို့ အလည်အပတ်ခရီး ရောက်ရှိနေသော ဝီလျံနှင့် ဟာရီမင်းသားများလည်း အင်္ဂလန်နှင့် အယ်လ်ဂျီးရီးယားဘောလုံးပွဲကို အားပေးကြည့်ရှု၍ ဘောလုံးပွဲအပြီးတွင် အဝတ်လဲခန်းအတွင်းသို့ လာရောက်လည်ပတ်ခဲ့သည်။

သို့သော် တော်ဝင်မိသားစုဝင် နှစ်ဦးသည် ကျူးကျော်သူဝင်ရောက်လာသည့်အချိန်၌ အဝတ်လဲခန်းအတွင်းမှ ထွက်ခွာသွားနှင့်ပြီး ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

တရုတ်တောင်ပိုင်း၌ ရေကြီး၊ သေဆုံးသူ ၆၉ ဦးထိ တိုးလာ

ပေကျင်း ဇွန် ၁၉

တရုတ်နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ စုစုပေါင်း ၆၉ ဦးထိ တိုးလာကြောင်း မြို့ပြရေးရာ ဝန်ကြီးဌာနက ဖော်ပြသည်။

၄၄ ဦး ပျောက်ဆုံးလျက်ရှိပြီး ဒေသခံပြည်သူ သန်းနှင့်ချီ၍ ရေဘေးဒဏ်သင့်ခဲ့ကြသည်။

ဖူကျန်၊ ကွမ်တုံ၊ ဟူနန်၊ ကျန်စီ၊ စီချွမ်၊ ဂွေကျို့နှင့် ကွမ်စီးချောင်အုပ်ချုပ်ခွင့်ရဒေသ အပါအဝင် တောင်ပိုင်းပြည်နယ် ခုနစ်ခုတို့၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့ ကြုံတွေ့နေရသည်။

လူဦးရေ ၅ ဒသမ ၆ သန်းကျော် ရေဘေးဒဏ်သင့်ခဲ့ပြီး လူဦးရေ သန်းတစ်ဝက်နီးပါးသည် ၎င်းတို့ နေအိမ်မှ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီးချောင် အုပ်ချုပ်ခွင့်ရဒေသ ဝမ်ဒေါင်မြို့၌ ရေကြီးမှုကြောင့် ပျက်စီးသွားသော အဝေးပြေးလမ်းမအား ဇွန် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်၊ ၁၅ ဦး သေဆုံး

ပက်ရှ်ဝါ ဇွန် ၁၉

အာဖဂန်နစ္စတန်နိုင်ငံနယ်စပ်အနီး ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းရှိ မျိုးနွယ်စုများနေထိုင်ရာဒေသတွင် အမေရိကန်တို့၏ လေကြောင်းမှတိုက်ခိုက်မှုကြောင့် လူ ၁၅ ဦး သေဆုံးသွားကြောင်း သက်ဆိုင်ရာသတင်းဌာနမှ တရားဝင်ပြောကြားသည်။

စနေနေ့က မြောက်ဝဇီရစ္စတန်ဒေသ ဆော့စ်ဟီးလ်ကျေးရွာရှိ နေအိမ်တစ်လုံးကို ပစ်မှတ်ထား၍ အမေရိကန်မောင်းသူမဲ့လေယာဉ်များက ဒုံးကျည်နှစ်စင်းပစ်ခတ်ခြင်း ဖြစ်သည်။

တိုးလာနိုင်

ဒုံးကျည်ဖြင့် ပစ်ခတ်ခံရ၍ သေဆုံးသွားသူ သုံးဦး၏ ရုပ်အလောင်းများကို အုတ်ကျိုးအုတ်ပဲ့များအောက်တွင် ရှာဖွေတွေ့ရှိရကြောင်း၊ နောက်ထပ်တွင်လည်း သေဆုံးသူဦးရေ တိုးလာနိုင်ကြောင်း သတင်းဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထိုဒေသတစ်ဝိုက်တွင် အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်များ အနည်းဆုံး သုံးစင်းကျော်ခန့် ဝဲပျံလျက်ရှိကြသဖြင့် ဒေသခံပြည်သူများ ကြောက်လန့်တကြား နေကြရကြောင်း ဒေသခံများက ပြောကြားသည်။

ဦးတည်တိုက်ခိုက်

အမေရိကန် မောင်းသူမဲ့လေယာဉ်များက လွန်ခဲ့သောနှစ်များအတွင်းက စ၍ မြောက်ဝဇီရစ္စတန်ဒေသတွင် အဖန်တလဲလဲ တိုက်ခိုက်မှုများပြုလုပ်ကြောင်း၊ ယင်းတိုက်ခိုက်မှုများသည် တာလီဘန်များနှင့် အယ်လ်ခိုင်ဒါ စစ်သွေးကြွများအား ဦးတည်တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန် လုံခြုံရေး တိုးတက်မှုမရှိဟု ကုလအတွင်းရေးမှူး ပြောကြား

ကဘူး ဇွန် ၁၉

အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးအခြေအနေသည် တိုးတက်မှုမရှိကြောင်း ကုလသမဂ္ဂအကြီးအကဲက ပြောကြားသည်။

၂၀၁၀ ခုနှစ် ပထမလေးလအတွင်း လမ်းဘေးဗုံး ပေါက်ကွဲမှုသည် ယမန်နှစ် ယင်းကာလအတွင်း ဖြစ်ပွားမှုထက် ၉၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

အဆိုပါ တွေ့ရှိချက်ကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဘန်ကီမွန်းက လုံခြုံရေးကောင်စီသို့ တင်ပြလာသော အစီရင်ခံစာတွင် ဖော်ပြထားခြင်းဖြစ်သည်။ ယင်းအစီရင်ခံစာကို ကဘူးမြို့ရှိ ကုလသမဂ္ဂရုံးက စနေနေ့တွင် ဖြန့်ဝေခဲ့သည်။

လမ်းဘေးဗုံးပေါက်ကွဲမှု၏ ထက်ဝက်သည် နိုင်ငံတောင်ပိုင်း ပထန်မျိုးနွယ်စုတို့၏ နယ်မြေတွင် ဖြစ်ပွားခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာဖဂန် အရာရှိတို့ကို လုပ်ကြံသတ်ဖြတ်မှုသည် ၂၀၀၉ ခုနှစ် ပထမလေးလအတွင်း ဖြစ်ပွားမှုနှင့် နှိုင်းယှဉ်လျှင် ၂၀၁၀ ခုနှစ်၌ ၄၅ ရာခိုင်နှုန်း မြင့်လာခဲ့သည်ဟု ဖော်ပြထားသည်။

အမ်အင်အေ၊ ရိုက်တာ။

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းနှင့် AFPIC တို့ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (MTMA) နှင့် ASEAN Forest Products Industry Club (AFPIC) တို့ ပူးပေါင်း၍ ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Park Royal Hotel ၌ Seminar on Timber Industry in ASEAN on Road for Stronger Growth ကို ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိန်လွင်နှင့် အလုပ်အမှုဆောင်များ၊ ASEAN Forest Products Industry Club (AFPIC) အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ NGO အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ နံနက် ၉ နာရီတွင်လည်း အဆိုပါဟိုတယ်၌ 6th Council Meeting of the ASEAN Forest Products Industry Club (AFPIC) ကို ကျင်းပရာ **(အပေါ်ပုံ)** မြန်မာ့သစ်လုပ်ငန်းမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ASEAN Forest Products Industry Club (AFPIC) အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်နှင့် CECNU မှ Dean, Mr.Kye Yun Lee တို့ ပညာရေးဆိုင်ရာ အပြန်အလှန် ပူးပေါင်းကူညီရေး နားလည်မှု စာချွန်လွှာ (MOU)ကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြစဉ်။

(ကုန်သည်/စက်မှု)

UMFCCI နှင့် CECNU တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် ဇွန် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်စိုး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးသက်၊ ကော်မတီအတွင်းရေးမှူး ဦးကျော်သိန်းနှင့် ကော်မတီဝင်များသည် ကိုရီးယားသမ္မတနိုင်ငံ Chonnam National University မှ Professor, Dr. Kim Hoisoo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် College of Education, Chonnam National University, Korea (CECNU) နှင့် UMFCCI တို့အကြား ပညာရေးဆိုင်ရာ အပြန်အလှန် ပူးပေါင်းကူညီရေး နားလည်မှု စာချွန်လွှာ (MOU)ကို CECNU မှ Dean, Mr.Kye Yun Lee နှင့် UMFCCI မှ ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်တို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၁)ရပ်ကွက် မင်းကျောင်းလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဆောင်ရွက်နေမှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် အမှုဆောင်အရာရှိ ဦးခင်မောင်ချိုတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၆-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀ ၇။ အကပြိုင်ပွဲ
၈း၂၀ ၈။ "ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"
၈း၃၀ ၉။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၁၈)**
၁၂း၃၀ ၅။ Golf Magazine(TV)
၁၂း၅၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "မီးစုံဖွင့်အက်ရှင်" (မင်းဦး၊ လူမင်း၊ ခိုင်သင်းကြည်)(ဒါရိုက်တာ-မိုးမြိမ်းည်)**
၂း၃၀ ၇။ "ဒေသထွက်ကုန်အဖုံဖုံ မန္တလေးကမုန့်မျိုးစုံ"
၂း၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၄၀ ၉။ အတီးပြိုင်ပွဲ
၂း၅၅ ၁၀။ International News
၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၄း၂၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၄။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၄း၄၅ ၅။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်)
၅း၀၅ ၆။ ဆိုကြမယ်ပျော်ကြမယ်
၅း၄၅ ၇။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (စလိုဗက်ကီးယားအသင်းနှင့် ပါရာဂွေးအသင်း)
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ရွှေမြရံခြယ်(စိုးစန္ဒာထွန်းနှင့်အဖွဲ့ တေးရေး-မောင်မောင်အေး-အလင်္ကာဝတ်ရည်)
၁၂။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၃၅)**
၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အရွယ်လွန်ချစ်အိပ်မက်" (အပိုင်း-၁၈)**
၁၄။ ရုပ်သံကြယ်ပွင့်များ

နံနက်ပိုင်း

၁း၀၀ ၁၅။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဘရာဇီးအသင်းနှင့် အိုင်ဗရီကို့စ်အသင်း)
၁၆။ အစီအစဉ်ပြီး၏။

စာအုပ်စာပေ လူ့မိတ်ဆွေ

သာယာဝတီမြို့နယ် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းဖွင့်

သာယာဝတီ ဇွန် ၁၉

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ရပ်ကွက်နှင့် ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇွန် ၁၇ ရက် နံနက် ၈နာရီက သာယာဝတီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းကော်မရှင်အဖွဲ့ခွဲဝင် သာယာဝတီခရိုင်တာဝန်ခံနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ရွှေနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲမြင့်က အမှာစကားပြောကြားပြီး **(အောက်ပုံ)** သင်တန်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

၁၃၈ ဦးတက်ရောက်

အဆိုပါသင်တန်းကို ဇွန် ၁၇ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၃၈ ဦး တက်ရောက်ကြကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်

ရန်ကုန် ဇွန် ၁၉

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆိုင်ဖွင့်ချိန်၊ ပိတ်ချိန်များ၌ စနစ်တကျ မီးသုံးစွဲခြင်းရှိ၊ မရှိ၊ ဆိုင်ပိတ်ချိန်၌ မီးငြိမ်းသတ်ခဲ့ခြင်း ရှိ၊ မရှိ တို့ကို မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဆန်းမြင့် ခေါင်းဆောင်သော ဌာနဆိုင်ရာများ၊ ဈေးကြီးကြပ်ရေးမှူးများ၊ ဈေးခေါင်းများ၊ ဈေးများ၏ လူမှုရေးအသင်းအဖွဲ့ဥက္ကဋ္ဌများ၊ ဈေးသူဈေးသားများ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဇွန် ၁၃ ရက်တွင် မော်လမြိုင်မြို့ အမှတ်(၁) ဈေးကို ရှောင်တခင် စစ်ဆေးမှုများ ပြုလုပ်ကာ ဈေးသူ၊ ဈေးသားများ လိုက်နာရမည့် စည်းကမ်းချက်များကို မှာကြားခဲ့သည်။

အဆိုပါအဖွဲ့သည် ဇွန် ၁၅ ရက်အထိ မော်လမြိုင်မြို့ရှိ အမှတ်(၂) ဈေး၊ မြိုင်ရတနာဈေး (နှစ်ထပ်၊ လေးထပ်)၊ ဒိုင်းဝန်းကွင်းဈေး၊ ကျိုက်ဖနဲဈေး၊ ရွှေမြိုင်သီရိဈေး၊ သံလွင်ဈေးနှင့် သီရိမြိုင်ဈေးတို့ကို လိုက်လံစစ်ဆေးခဲ့ကြပြီး ဈေးများပတ်ဝန်းကျင်ရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူ၊ ဈေးသားများ ပူးပေါင်းကာ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ဈေးများအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေါင်းစည်းဟန်ချက်စွမ်းအားတက်

အားမာန်

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အဓိကပံ့ပိုးပေးနေတဲ့ အချက်တွေကတော့ လူသားအရင်းအနှီးတိုးတက်မှု၊ ရုပ်ဝတ္ထုအရင်းအနှီးတိုးတက်မှုနဲ့ နည်းပညာတိုးတက်မှုတို့ပဲ ဖြစ်ပါတယ်။ ဒီထဲမှာ လူသားအရင်းအနှီးတိုးတက်မှုက အခြေခံအကျဆုံးနဲ့ အရေးပါဆုံးဖြစ်တာ တွေ့ရပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ရေမြင့်ကြာတင့်ဆိုသလို ကုန်ထုတ်စွမ်းအားပါတိုးတက်မြင့်မားလာနိုင်ပါတယ်။ စက်မှုကဏ္ဍဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့ အားကောင်းတဲ့ မောင်းနှင်အားဖြစ်တာကြောင့် နည်းပညာတိုးတက်မှုဟာလည်း စက်မှုကဏ္ဍကို တိုးတက်လာစေနိုင်ပါတယ်။ ဒီလိုတိုးတက်မှုတွေကြောင့် ပြည်ပပို့ကုန်တွေ အရှိန်တိုးမြင့်လာပြီး စီးပွားရေးတိုးတက်မှုနှုန်းလည်း မြင့်မားလာစေမှာ ဖြစ်ပါတယ်။

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအထောက်အကူပြုတဲ့ စွမ်းရည်ပြည့်ဝတဲ့ လုပ်သားထုကြီးတစ်ရပ် ထူထောင်နိုင်ရေးအတွက် အလုပ်သမားဝန်ကြီးဌာနဟာ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး(Labour Exchange Office)တွေကို လွတ်လပ်ရေးမရမီ ၁၉၄၆ ခုနှစ် စက်တင်ဘာလကတည်းက စတင်ဖွင့်လှစ်ခဲ့ပြီး လူသားအရင်းအမြစ်တွေကို အထိရောက်ဆုံးနဲ့ အကျိုးအရှိဆုံး အသုံးချနိုင်ဖို့အတွက် အလုပ်အကိုင်ရှာဖွေသူတွေရဲ့ အရည်အချင်းနဲ့ သင့်လျော်မယ့် အလုပ်အကိုင်ရရှိစေဖို့ Vocational Guidance အဖြစ်ဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ၁၉၅၀ပြည့်နှစ် အလုပ်အကိုင်နှင့် သင်ကြားလေ့ကျင့်ရေးဥပဒေ၊ ၁၉၅၉ ခုနှစ် အလုပ်ခန့်ထားမှုကန့်သတ်ရေးအက်ဥပဒေ၊ ၁၉၆၀ပြည့်နှစ် အလုပ်ခန့်ထားမှုကန့်သတ်ရေး ဥပဒေတွေကို ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပါတယ်။ အလုပ်အကိုင်နဲ့ သင်ကြားလေ့ကျင့်ရေး အက်ဥပဒေရဲ့ ရည်ရွယ်ချက်ကတော့ အလုပ်လုပ်လိုသူတွေဟာ မိမိတို့ရဲ့ အသက်အရွယ် လုပ်ကိုင်နိုင်မှုစွမ်းအားတွေနဲ့ လျော်ညီတဲ့ အလုပ်အကိုင်တွေကို ရွေးချယ်နိုင်စေဖို့၊ မိမိလုပ်ကိုင်ချင်တဲ့ လုပ်ငန်းခွင်ရဲ့ လိုအပ်တဲ့အရည်အချင်းတွေနဲ့ ညီညွတ်အောင် မိမိကိုယ်ကို လေ့ကျင့်သင်ကြားနိုင်ဖို့ပဲဖြစ်ပါတယ်။ အလုပ်ခန့်ထားမှုကန့်သတ်ရေး ဥပဒေကတော့ အမှန်တကယ်အလုပ်လုပ်လိုတဲ့ အလုပ်လက်မဲ့တွေအတွက် အလုပ်ရှာဖွေပေးရေး၊ တရားမျှတစွာအလုပ်ခန့်ထားရေး၊ အရည်အချင်းရှိတဲ့ အလုပ်သမားတွေ ရရှိရေးအတွက် ရည်ရွယ်တာဖြစ်ပါတယ်။

သို့ပေမယ့် နောက်ပိုင်းမှာ အလုပ်ဌာနအများစုဟာ ဥပဒေလိုက်နာမှုအားနည်းပြီး မိမိသဘောနှင့် မိမိအလုပ်ခန့်ထားကြပါတယ်။ အလုပ်ခန့်ပြီးမှ Regularized လုပ်တဲ့အနေနဲ့ Labour Card ထုတ်ယူရုံသက်သက်ပဲ အလုပ်သမားရှာဖွေရေးရုံးကို ဆက်သွယ်လာကြပါတယ်။ ဒါကြောင့် အလုပ်အကိုင်ရရှိမှု အခြေအနေစာရင်းများကို လေ့လာတဲ့အခါမှာ အထွေထွေလုပ်သားတွေများပြားနေပြီး ပညာအရည်အချင်းရှိတဲ့ အလုပ်သမားအရေအတွက် နည်းပါးနေတာကို ဝမ်းနည်းဖွယ်တွေ့ခဲ့ရပါတယ်။

ဒါကြောင့် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိတဲ့ မြန်မာနိုင်ငံသားတိုင်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေဖို့နဲ့ စည်းကမ်းကောင်းမွန်ပြီး စွမ်းရည်ထက်မြက်တဲ့ လုပ်သားအင်အားစုကြီး ဖြစ်ပေါ်လာစေဖို့အတွက် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော် အလုပ်သမားများ စည်းကမ်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဗဟိုအဖွဲ့ကို ၁-၇-၂၀၀၉ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။

ဗဟိုအဖွဲ့ရဲ့ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဖို့ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်အောက်ခံရုံးတွေမှာ ၂၀-၇-၂၀၀၉ ရက်ကစပြီး အလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးရုံး Labour Exchange Office ၇၇ရုံးကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရဲ့ ပြဋ္ဌာန်းချက် အမှတ်(၂)နဲ့အညီ နိုင်ငံတစ်ဝန်း ပြန်လည်ဖွင့်လှစ်အကောင်အထည်ဖော်ခဲ့ပါတယ်။

၁၉၅၉ ခုနှစ် အလုပ်ခန့်ထားမှုကန့်သတ်ရေး အက်ဥပဒေပုဒ်မ ၃(၁) အရ အလုပ်ရှင်တွေဟာ အလုပ်နေရာလစ်လပ်တိုင်း ဒါမှမဟုတ် အလုပ်သစ်ပေါ်ပေါက်တိုင်း အလုပ်သစ်ပေါ်တဲ့နေ့က ခုနစ်ရက်အတွင်း သက်ဆိုင်ရာ LEO ရုံးကို သွားရောက်ပြီး အလုပ်သမားလိုအပ်ကြောင်း အကြောင်းကြားရပါတယ်။ အက်ဥပဒေပုဒ်မ ၃(၂)နဲ့ ၃(၃)တို့အရ အလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးရုံးတွေက အရည်အချင်းကိုက်ညီသူ အလုပ်သမားစာရင်းကို သက်ဆိုင်ရာအလုပ်ရှင်တွေဆီ ပေးပို့ရပါတယ်။ အလုပ်ရှင်တွေအနေနဲ့ ပေးပို့လိုက်တဲ့ စာရင်းကနေ သင့်တော်သူတွေကို ရွေးချယ်ခန့်ထားပေးကြပါတယ်။

ဒါကြောင့် ဝန်ကြီးဌာနများ၊ ဖက်စပ်လုပ်ငန်း၊ သမဝါယမလုပ်ငန်း၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွေနဲ့ စက်မှုဇုန်တွေက တာဝန်ရှိသူတွေနဲ့ လုပ်ငန်းရှင်တွေဟာ LEO ရုံးတွေကို အလုပ်နေရာလစ်လပ်မှုရှိတိုင်း အလုပ်ခန့်ထားလိုတဲ့ အလုပ်အကိုင်အမျိုးအစားအလိုက် အရေအတွက်ကို မပျက်မကွက်ဆက်သွယ်ပေးဖို့လိုပါတယ်။ ဒ့ါအပြင် အလုပ်နေရာရွေးချယ်ခြင်း ခံထားသူများအတွက်လည်း LEO ရုံးများမှ အလုပ်ခန့်ထားရေးကတ်ပြား အလလခပုံစံ(၇) ထုတ်ပေးနိုင်ဖို့အတွက် မပျက်မကွက် တောင်းခံကြဖို့ အရေးကြီးကြောင်း အသိပေးလိုပါတယ်။

LEO ရုံးတွေမှာ အလုပ်အကိုင် လာရောက်လျှောက်ထားသူတွေကို အသက်မွေးဝမ်းကျောင်းနဲ့ စက်မှုလက်မှုအသိပညာရှင်၊ အတတ်ပညာရှင်၊ စီမံခန့်ခွဲရေးအရာရှိများ၊ မန်နေဂျာ၊ စာရေးနဲ့ အခြားဝန်ထမ်းများ၊ အရောင်းဝန်ထမ်းနဲ့ ဝန်ဆောင်မှုလုပ်သား၊ ငါးဖမ်း၊ အမဲလိုက်၊ သစ်တော၊ လယ်ယာလုပ်သား၊ ကုန်ထုတ်လုပ်သား၊ သယ်ယူပို့ဆောင်ရေးလုပ်သားနှင့် အလုပ်ကြမ်းသမားစသဖြင့် အလုပ်အကိုင်အုပ်စုကြီး ကိုးမျိုး ခွဲခြားသတ်မှတ်ပြီး အလုပ်ညွှန်းမှတ်တွေသတ်မှတ်ကာ မှတ်ပုံတင်ထားရပါတယ်။ ဒါကြောင့် LEO ရုံးဆိုတာ အလုပ်သမားရရှိလိုသူအလုပ်ရှင်တွေနဲ့ အလုပ်အကိုင်ရှာဖွေသူတွေအတွက် လိုအပ်ချက်တွေကို အမြန်ဆုံးဖြည့်ဆည်းပေးပို့ ပေါင်းစပ်ညှိနှိုင်းပေးတဲ့ ပေါင်းကူးနေရာဖြစ်တယ်ဆိုတာ အသိပေးလိုပါတယ်။

အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းစဉ်များနဲ့ ပတ်သက်ပြီး အလုပ်ရှင်တွေသိရှိလိုက်နာရမယ့် နည်းဥပဒေ၊ အက်ဥပဒေတွေကို ၂၀၀၉ ခုနှစ် ဇူလိုင် ၂၀ ရက်ကနေ အောက်တိုဘာလကုန်အထိ သက်ဆိုင်ရာ ဒေသအာဏာပိုင်များ အကူအညီနဲ့ တိုင်းနှင့်ပြည်နယ်အသီးသီးက LEO ရုံး ဦးစီးအရာရှိတွေက (၃၃၇)ကြိမ် ချပြဆွေးနွေးခဲ့ရာမှာ အစိုးရဌာနတွေမှ တာဝန်ရှိသူ ၉၅၃၇ ဦး၊ ပုဂ္ဂလိကလုပ်ငန်းရှင် ၁၁၀၈၀ ၊ သမပိုင်လုပ်ငန်းတွေက ၃၄၆ ဦး၊ ဖက်စပ်လုပ်ငန်းတွေက ၈၄ ဦးတို့ တက်ရောက်ခဲ့ကြပြီး ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။ အလုပ်သမားဝန်ကြီးဌာနရှိ LEO ရုံးများတွင် အလုပ်လုပ်ကိုင်ရန် လာရောက်မှတ်ပုံတင်သူနဲ့ အလုပ်ရရှိသွားသူများကို အခြေခံပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ဆောင်ရွက်ပေးနိုင်မှုကို လေ့လာကြည့်ရာမှာ အောက်ပါအတိုင်း မှတ်ပုံတင်သူဦးရေဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုရှိခဲ့ပြီး အလုပ်ရဦးရေဟာလည်း တိုးတက်ခဲ့တာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်-

ခုနှစ်	မှတ်ပုံတင်သူ	အလုပ်ရရှိသူ	အလုပ်ရရာခိုင်နှုန်း
၂၀၀၇-၂၀၀၈	၃၈၅၇၈၆ဦး	၇၃၇၃၄ဦး	၁၉. ၁၁%
၂၀၀၈-၂၀၀၉	၅၁၁၆၇၇ဦး	၁၈၄၁၆၃ဦး	၃၅. ၉၉%
၂၀၀၉-၂၀၁၀	၅၈၈၇၃၀ဦး	၂၃၆၁၈၃ဦး	၄၀. ၁၁%

ပြည်ပအလုပ်အကိုင်မှတ်ပုံတင်သူတွေကိုကြည့်ရင် ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်းမှာ ၇၂၆၅၃ ဦးရှိပြီး အလုပ်ရရှိသူ ၆၇၄၁၉ ဦးရှိတဲ့အတွက် ၉၀ ရာခိုင်နှုန်းနီးပါး အလုပ်ရရှိခဲ့တာ တွေ့ရပါတယ်။ တရားဝင်ပြည်ပအလုပ်အကိုင်အေဂျင်စီတွေရဲ့ ကမ်းလှမ်းချက်အရ အလုပ်ရရှိသူတွေအပြင် မြန်မာ- ထိုင်းနှစ်နိုင်ငံ ညှိနှိုင်းချက်အရ မြဝတီ၊ ကော့သောင်းနဲ့ တာချီလိတ် နယ်စပ်တွေကနေ ထိုင်းနိုင်ငံရောက် တရားမဝင် မြန်မာအလုပ်သမားများကို တရားဝင်ဆက်လက်အလုပ်လုပ်ကိုင်နိုင်စေဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ရာမှာ ၂၀၁၀ ခုနှစ် ဇွန်လဆန်းအထိ အလုပ်သမားပေါင်း ကိုးသောင်းကျော်ကို ယာယီနိုင်ငံကူးလက်မှတ်နဲ့ ပြည်ပအလုပ်အကိုင်သက်သေခံကတ်ပြားတွေ ထုတ်ပေးနိုင်ခဲ့ပါတယ်။ဒ့ါအပြင် LEO ရုံးတွေမှာ ပြည်တွင်း အလုပ်အကိုင်သာမက ခွင့်ပြုချက်ရရှိပြီးဖြစ်တဲ့ ပြည်ပအလုပ်အကိုင်ကမ်းလှမ်းစာ Job Offer တွေကိုပါ လက်ခံကြေညာပေးနေတာကြောင့် အလုပ်အကိုင် ရှာဖွေသူတွေအတွက် ဝမ်းမြောက်စရာဖြစ်ပါတယ်။

အလုပ်ရှင်တွေရဲ့ အလုပ်သမားလိုကြောင်း အကြောင်းကြားစာပါ အရေအတွက်ဟာ နယ်မြေခံ LEO ရုံးတွေမှာရှိတဲ့ အရည်အချင်းကိုက်ညီသူတွေနဲ့ မလုံလောက်ရင် မြို့နယ်အချင်းချင်း၊ လိုအပ်ပါက ပြည်နယ်၊ တိုင်း၊ ခရိုင်အဆင့်ရုံးများအထိ မှတ်ပုံတင်ထားသူများကို ညှိနှိုင်းရှာဖွေဆောင်ရွက်ပေးနေပါတယ်။ LEO ရုံးတွေဟာ အလုပ်အကိုင်ရှာဖွေသူတွေ၊ အလုပ်အကိုင်ပေးလိုသူတွေအတွက် အခမဲ့ဝန်ဆောင်မှုပေးနေတဲ့ ဌာနတွေပဲ ဖြစ်ပါတယ်။ အလုပ်ရရှိပြီးတဲ့ အလုပ်သမားနဲ့ အလုပ်ခန့်သူ လုပ်ငန်းရှင်တို့အကြား လုပ်ငန်းခွင်စည်းကမ်း သတ်မှတ်နိုင်ဖို့၊ အလုပ်ရှင်နဲ့ အလုပ်သမားဆက်ဆံမှုပြေပြစ်စေဖို့၊ အလုပ်သမားဥပဒေပါရပိုင်ခွင့်တွေ ရရှိခံစားနိုင်စေဖို့ အလုပ်ရှင်အလုပ်သမားအလုပ်ခန့်ထားခြင်းဆိုင်ရာသဘောတူစာချုပ်ကို နိုင်ငံတကာကျင့်ဝတ်တွေနဲ့အညီ ချုပ်ဆိုစေပါတယ်။ အလုပ်ရှင်အလုပ်သမား အငြင်းပွားမှုရှိခဲ့ရင်လည်း မူဘောင်အတွင်း စနစ်တကျဖြေရှင်းနိုင်ဖို့ နှစ်ဦးနှစ်ဖက်မျှတတဲ့ အလုပ်သမားရေးရာကျင့်စဉ် (Fair Labour Practice) ကျင့်သုံးနိုင်စေရေး ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့ နိုင်ငံတော်က အလေးထားဆောင်ရွက်နေရာမှာ ကုန်ထုတ်လုပ်ငန်းတွေ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ဖို့ အဓိကကျတဲ့ အရည်အချင်းပြည့်ဝတဲ့ အလုပ်သမားတွေကို လူမှန်နေရာမှန် နေရာချထားနိုင်ဖို့ လိုပါတယ်။ လူ့စွမ်းအားအရင်းအမြစ်တွေ ထိရောက်စွာအသုံးချနိုင်ရေး ဟန်ချက်ညီ ပေါင်းစပ်ပေးပြီး အလုပ်လုပ်လိုသူတွေ နှစ်သက်တဲ့ အသက်မွေးမှု အလုပ်အကိုင်တွေကို လွတ်လပ်စွာ ရွေးချယ်ခံစားခွင့်ရနိုင်ရေး၊ ထိုမှတစ်ဆင့် အရည်အချင်းပြည့်ဝတဲ့ လုပ်သားထုပေါ်ပေါက်လာစေရေးတို့အတွက် LEO ရုံးများက တစ်ထောင့်တစ်နေရာကနေ အားဖြည့်ဆောင်ရွက်ပေးနေပါတယ်။ နိုင်ငံအကျိုးပြု အခမဲ့ဝန်ဆောင်မှုလုပ်ငန်းစဉ်မှာ အလုပ်ရရှိလိုသူတွေနဲ့ အလုပ်ခန့်ထားပေးမယ့် လုပ်ငန်းရှင်တွေဟာ နိုင်ငံတော်၏ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (LEO) လုပ်ငန်းစဉ်တွေမှာ အင်တိုက်အားတိုက် တာဝန်သိစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်ရေးမှာ “ပေါင်းစည်းဟန်ချက်စွမ်းအားတက်” ဟူသော အလုပ်သမားဝန်ကြီးဌာန၏ ဆောင်ပုဒ်အတိုင်း ဖွံ့ဖြိုးတိုးတက်မှု မလွဲမသွေ ရရှိလာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ပါတယ်။ ။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အဓိကပံ့ပိုးပေးနေတဲ့ အချက်တွေကတော့ လူသားအရင်းအနှီးတိုးတက်မှု၊ ရုပ်ဝတ္ထု အရင်းအနှီးတိုးတက်မှုနဲ့ နည်းပညာတိုးတက်မှုတို့ပဲ ဖြစ်ပါတယ်။ ဒီထဲမှာ လူသားအရင်းအနှီးတိုးတက်မှုက အခြေခံအကျဆုံးနဲ့ အရေးပါဆုံးဖြစ်တာ တွေ့ရပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ရေမြင့်ကြာတင့်ဆိုသလို ကုန်ထုတ်စွမ်းအားပါ တိုးတက်မြင့်မားလာနိုင်ပါတယ်။ စက်မှုကဏ္ဍဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့ အားကောင်းတဲ့ မောင်းနှင်အားဖြစ်တာကြောင့် နည်းပညာတိုးတက်မှုဟာလည်း စက်မှုကဏ္ဍကို တိုးတက်လာစေနိုင်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းနိုင်အောင်၊ အဖွဲ့ဝင် ဦးရှိန်ကြည်နှင့် ဦးဝင်းမြင့်တို့အား မေ ၃၁ရက် မွန်းလွဲပိုင်းတွင် FAO Regional Office for Asia and the Pacific မှ International Consultant (Bio-energy), Mr. Maurice Schill အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံစဉ်။ (ကုန်သည်/စက်မှု)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သီးကုန်းကျေးရွာအုပ်စု ခရုကန်ကျေးရွာ၌ မေ ၁၆ ရက်က ဂါလန် ၁၆၀၀ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ ဖြန့်ဝေပေးရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကောလင်းမြို့ သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မေ ၈ရက်က ရွှေမင်းဝံလမ်းမကြီးဘေး မြေကွက်လပ်၌ တောင်ကုန်းမြေယာရှုခင်းပြုလုပ်ရန် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်မော်လီဌေးနှင့် စည်ပင်ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးတင့်ဝေ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

နေပြည်တော် ဇွန် ၁၉

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၇ ရက်နှင့် ၈ ရက် နံနက်ပိုင်းတွင် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌသည် ဇွန် ၉ ရက်တွင် သောက်သုံးရေလုံလောက်စွာ ရရှိရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

အစီအစဉ်အရ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် လွိုင်ကော်မြို့ သီရိမင်္ဂလာတံတား မြေကာနံရံတည်ဆောက်ခြင်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်း တင်ပြကြပြီး ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမတွင် အမှာစကားပြောကြားစဉ်။ (ကျန်းမာရေး)

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများအား တွေ့ဆုံ

ရန်ကုန် ဇွန် ၁၉

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီးအား ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာနိုင်ဝင်းက တက္ကသိုလ်ရှိ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်း ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာဌာနနှင့် ဆေးဘက်ဆိုင်ရာ ခန္ဓာသန်စွမ်းမှု နည်းပညာဌာနတို့၌ သင်ကြားပေးလျက်ရှိသော ဘွဲ့ကြိုနှင့် ဘွဲ့လွန် သင်တန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သော ပညာရှင်များသည် ကျန်းမာရေးစောင့်ရှောက် ကုသမှုလုပ်ငန်းများတွင် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်နေရသဖြင့် နိုင်ငံတကာနှင့် ယှဉ်နိုင်သည့် အရည်အသွေး ပြည့်မီသော လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေး အလေးထားဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပန်းဘဲတန်းမြို့နယ်၌ကျင်းပ

ရန်ကုန် ဇွန် ၁၉

ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက် ၈ နာရီတွင် အမှတ်(၂) ရပ်ကွက် လဟာပြင်ယာဉ်ရပ်နားဝင်းနှင့် အမှတ်(၅) ရပ်ကွက် မီးရထားလမ်းတစ်လျှောက်၌ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကျွန်း၊ ယူကလစ် အစရှိသော အရိပ်ရလေကာပင် ၁၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ရမည်းသင်းဈေးမီးဘေးကာကွယ်ရေး

ရမည်းသင်းမြို့ မြို့မဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး စီမံဆောင်ရွက်ထားမှုများကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် တာဝန်ရှိသူများက ဇွန် ၁၆ ရက်တွင် လာရောက်စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းနိုင်က စီမံဆောင်ရွက်ထားမှုအခြေအနေများကို လက်တွေ့သရုပ်ပြ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြစ်ကြီးနား မြို့မဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မြစ်ကြီးနား ဇွန် ၁၉

မြစ်ကြီးနားမြို့ မြို့မဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လေ့ကျင့်မှုကို ကချင်ပြည်နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်လျှပ်စစ်မှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဂွန်စယ်၊ ဒုတိယဦးစီးမှူး(ဈေး) ဒေါ်ရွှယ်ဂျားတို့ ကြီးကြပ်လျက် ဇွန် ၃ ရက်က မြို့နယ်အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့မဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၆-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ “မေတ္တာဖြူဖွေးအလှူပေး” တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Asia Care Pateint's Satisfaction Center ဖွင့်ပွဲ)
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၂၂)**
- ၈း၃၀ ရွှေမြို့ဆန်တန်းမှ ဓမ္မပန်းကလေးများ
- ၈း၄၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (နှစ်ကျပ်ကွက်နင်းတဲ့ယောက်ဖ)
- ၉း၁၀ သဘင်အစွမ်း မိုးဆန်းပန်း
- ၉း၃၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
- ၁၀း၃၅ Parkway Healthcare မှ အသည်းရောဂါအထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံခြင်း
- ၁၁း၁၀ ရန်ကုန်မြင်ကွင်းကျယ် (SUMMIT INTERNATIONAL LEARNING CENTRE SCHOOL CONCERT)
- ၁၁း၂၅ ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့
- ၁၁း၄၅ Road to Highest Competition (Germany)
- ၁၂း၀၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၀)
- ၁၂း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Asia Care Pateint's Satisfaction Center ဖွင့်ပွဲ)
- ၁၂း၄၅ လှပသောအနာဂတ်ရောင်စဉ်တန်းများဖြင့်မီးပန်းပွဲတော်
- ၁း၀၀ “မေတ္တာဖြူဖွေးအလှူပေး” တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ စကားနပန်း (အိမ်နီးနားချင်းနဲ့အရောဝင်တာကောင်းတယ်၊ အိမ်နီးနားချင်းနဲ့အရောမဝင်တာကောင်းတယ်)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၂၂)**
- ၄း၁၅ သဘင်အစွမ်း မိုးဆန်းပန်း
- ၄း၄၀ ရွှေမြို့ဆန်တန်းမှ ဓမ္မပန်းကလေးများ
- ၅း၀၀ Parkway Healthcare မှ အသည်းရောဂါအထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံခြင်း
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (နွဲ့ယဉ်ဝင်း)
- ၆း၅၀ ဗီဒီယိုပြခန်း
- ၇း၁၀ ရန်ကုန်မြင်ကွင်းကျယ် (SUMMIT INTERNATIONAL LEARNING CENTRE SCHOOL CONCERT)
- ၇း၂၅ FMF Selection
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (အိမ်နီးနားချင်းနဲ့အရောဝင်တာကောင်းတယ်၊ အိမ်နီးနားချင်းနဲ့အရောမဝင်တာကောင်းတယ်)
- ၉း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၂၂)**
- ၁၀း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၀)
- ၁၀း၂၅ Sports World (Sunday Special)
- ၁၀း၅၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (နှစ်ကျပ်ကွက်နင်းတဲ့ယောက်ဖ)
- ၁၁း၁၅ Road to Highest Competition (Germany)
- ၁၁း၃၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (နွဲ့ယဉ်ဝင်း)
- ၁၂း၁၀ ဗီဒီယိုပြခန်း
- ၁၂း၂၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဆိပ်ဖြူမြို့နယ်မှ စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များလှူဒါန်းပွဲကျင်းပ

ဆိပ်ဖြူ ဇွန် ၁၉

မကွေးတိုင်း ဆိပ်ဖြူမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်လှူဒါန်းပွဲအခမ်းအနားကို မေ ၂၇ ရက် မွန်းလွဲ ၁ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ငွေသဲဖြူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် ရေနံချောင်း ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာ တင်အောင်က လှူဒါန်းရခြင်း၏ရည်ရွယ်ချက်နှင့် ကျေးရွာဥက္ကဋ္ဌ တစ်ဦးက ကျေးရွာများကိုယ်စား ကျေးဇူးတင်စကားအသီးသီးပြောကြားကြသည်။

အဆိုပါအခမ်းအနားတွင် ကျေးရွာ ၂၅ ရွာအတွက် စာအုပ်၊ စာစောင် ၃၇၅ အုပ်၊ တန်ဖိုး ငွေကျပ် ၄၅၀၀၀၀ ခန့်ကို ရေနံချောင်းဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာတင်အောင်နှင့် ပါမောက္ခဒေါက်တာဦးပွားတို့က ကျေးရွာဥက္ကဋ္ဌများသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)** (မြို့နယ်ပြန်/ဆက်)

❁ **ရွှေဖုံးမှ**

နိုင်ငံတစ်ဝန်းလုံးရှိ စက်မှုလုပ်ငန်းများနှင့် ပြည်နယ်နှင့် တိုင်းအသီးသီးရှိစက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို အတတ်နိုင်ဆုံး ပံ့ပိုးဖြည့်ဆည်းပေးသွားနိုင်ရန်အတွက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် (MIDB) ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ ဘဏ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားစဉ်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ရန်ကုန်(ရုံးချုပ်)တွင် ဘဏ်ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် စိုက်ပျိုးရေးကို အခြေခံသောစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ စက်မှုထုတ်ကုန်များ အရေအတွက်နှင့် အရည်အချင်းတိုးတက်မြင့်မားရေး၊ စက်ပစ္စည်းကိရိယာအမည်သစ်များ တိုးတက်ထုတ်လုပ်ရေး၊ စက်မှုလုပ်ငန်းသုံးစက်ကိရိယာများ ထုတ်လုပ်ရေးနှင့် နိုင်ငံတော်ကို စက်မှုနိုင်ငံတော်အဖြစ် ပြောင်းလဲရာတွင် အခြေအနေကောင်းများ ရရှိရေးဟူသော ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်ကို ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဘဏ်လုပ်ငန်းများနှင့်စပ်လျဉ်း၍ သိရှိနိုင်ရန်အတွက် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ပန်းဆိုးတန်းလမ်း (အလယ်) အမှတ်(၁၀၂/၁၀၄)ရှိ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)သို့ သွားရောက်၍ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် တွေ့ဆုံမေးမြန်းစေ့ငုဖြစ်ခဲ့ပါသည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ "ဘဏ်ခွဲစဖွင့်စဉ်တုန်းက ရန်ကုန်(ရုံးချုပ်)အပါအဝင် မန္တလေးဘဏ်ခွဲ၊ မိတ္ထီလာဘဏ်ခွဲနဲ့ ဘုရင့်နောင်ငွေလွှဲဌာန(ရန်ကုန်)ဆိုပြီး ဘဏ်ခွဲလေးခုသာရှိခဲ့ပါတယ်။ အခုတော့ နေပြည်တော်ဘဏ်ကြီး အပါအဝင် မုံရွာဘဏ်ခွဲနဲ့ ပြည်ဘဏ်ခွဲတို့ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ပခုက္ကူဘဏ်ခွဲကိုလည်း မကြာမီဖွင့်လှစ်နိုင်ဖို့ စီစဉ်နေပါတယ်။ ဘဏ်ရဲ့ဝန်ဆောင်မှုပေးတာကို အဆင့်မြှင့်တင်မှုတွေပြုလုပ်ထားပါတယ်။ ငွေသွင်း၊ ငွေထုတ်ရာမှာ အဆင်ပြေလွယ်ကူစေဖို့၊ ဘဏ်ကို လာရောက်ဆက်သွယ်ကြသူတွေ စိတ်ချမ်းမြေ့စေဖို့အတွက် ဆောက်ရွက်ပေးနေပါတယ်။ တည်တည်ငြိမ်ငြိမ်ရှိဖို့နဲ့ မှန်မှန်ကန်ကန်ဖြစ်ဖို့ကို အဓိကထားပါတယ်။ ဘဏ်ရဲ့ခွင့်ပြုမတည်ငွေရင်း (Authorized Capital)က ၁၀ ဘီလီယံဖြစ်ပြီး မတည်ငွေ (Paid up Capital)က ခုနစ်ဘီလီယံဖြစ်ပါတယ်။ ဘဏ်အနေနဲ့ စက်မှုကဏ္ဍဖွံ့ဖြိုးရေးကို အဓိကအားပေးတဲ့အနေနဲ့ ချေးငွေအတိုးကို ၁၇ ရာခိုင်နှုန်းသတ်မှတ်ထားပေမယ့် စက်မှုဇုန်ဝင်လုပ်ငန်းတွေနဲ့ စီမံကိန်းဝင်လုပ်ငန်းတွေကို အတိုး ၁၅ ရာခိုင်နှုန်းပဲယူပါတယ်။ မည်သည့်လုပ်ငန်းအတွက်မဆို ချေးငွေထုတ်ပေးတဲ့နေရာမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကချမှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့အညီ ဒါရိုက်တာအဖွဲ့ရဲ့ စုပေါင်းဆုံးဖြတ်မှုဖြင့်သာ ထုတ်ပေးခြင်းဖြစ်လို့ ငွေကြေးဆုံးရှုံးမှုက ရှောင်ရှားနိုင်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဖွဲ့စည်းတည်ထောင်မှု၊ ချေးငွေလုပ်ငန်းများဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်း၍ "၁၉၉၀ ပြည့်နှစ်မှာ ပြဌာန်းတဲ့ မြန်မာနိုင်ငံ ငွေရေးကြေးရေးဆိုင်ရာ ဥပဒေနဲ့အညီ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရဲ့ လိုင်စင်အမှတ် မဗဘ/ဗီ-၁၄/(၁)၉၆ဖြင့် ၁၅-၂-၁၉၉၆ ရက်နေ့မှာ ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးကော်မတီရဲ့ဦးဆောင်မှုနဲ့ ဒါရိုက်တာအဖွဲ့က ကြီးကြပ်ကွပ်ကဲပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ အမိန့်၊ ညွှန်ကြားချက်တွေကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်လျက် ရှိပါတယ်။ စက်မှုလက်မှု ဖွံ့ဖြိုးရေးအတွက်သာမဟုတ်ဘဲ ကုန်သွယ်မှုလုပ်ငန်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း စိုက်ပျိုးရေးလုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေအတွက်လည်း ချေးငွေထုတ်ပေးလျက်ရှိပါတယ်။ ချေးငွေထုတ်ပေးရာမှာ မရွှေ့မပြောင်းနိုင်တဲ့ အိမ်ခြံမြေအာမခံထားပြီး ချေးပါတယ်။ တစ်ဦးတည်းသဘောနဲ့ ဆုံးဖြတ်ခြင်းမဟုတ်ဘဲ ဝန်ကြီးလေးဦးပါဝင်တဲ့ ဒါရိုက်တာအဖွဲ့က စုပေါင်းဆုံးဖြတ်ပြီးမှ ထုတ်ချေးတာပါ။ အစိုးရတစ်ပိုင်း (Semi Government) အသွင်ဆောင်တဲ့အတွက် နိုင်ငံတော်ဘဏ်တွေလိုပဲ ခိုင်မာမှုရှိပါတယ်။ ဘဏ်လုပ်ငန်း ဆောင်ရွက်ရာမှာ တည်တည်ငြိမ်ငြိမ်နဲ့ မှန်မှန်ကန်ကန် သွားနေပါတယ်။ ပုဂ္ဂလိကဘဏ်တွေဆောင်ရွက်တဲ့ ဘဏ်လုပ်ငန်းအားလုံးကို ဆောင်ရွက်ပေးနေပါတယ်။ စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ဆိုပေမယ့် အခြားမည်သည့်စီးပွားရေး လုပ်ငန်းအတွက်မဆို ငွေချေးနိုင်ပြီး ပြည်သူတွေရဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ လိုအပ်ချက်တွေဖြစ်တဲ့ငွေစုခြင်း၊ ငွေလွှဲခြင်း စာရင်းသေအပ်ငွေ၊ ဘဏ်ငွေပေးအမိန့် (Payment Order)နဲ့ ဘဏ်အာမခံချက် လက်မှတ်တို့ကိုလည်း ဆောင်ရွက်ပေးနေပါတယ်။ ငွေလွှဲလုပ်ငန်းများအနေဖြင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် အချင်းချင်းလွှဲပို့ခြင်းအပြင် ချိတ်ဆက်ထားတဲ့ သမဝါယမဘဏ်လီမိတက်၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ ကမ္ဘောဇဘဏ်လီမိတက်နဲ့ မြန်မာနိုင်ငံသားများဘဏ် လီမိတက်များသို့ အချိန်တိုအတွင်း အပြန်အလှန်ငွေလွှဲပို့နိုင်ပါတယ်"ဟု အသေးစိတ်ရှင်းလင်းပြောကြားသည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ မတည်ငွေရင်းမှာ ငွေကျပ်သန်းပေါင်း ၁၀၀၀၀ ဖြစ်ပြီး အစုရှယ်ယာတစ်ခုလျှင်ငွေကျပ် ငါးသိန်း သတ်မှတ်ထားသည်။ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) အသင်းအဖွဲ့တစ်ခုသည် အစုရှယ်ယာများ သင့်လျော်သလို ဝယ်ယူနိုင်သည်။ အစုရှယ်ယာ ၁၀ စု တန်ဖိုးကျပ်ငါးသန်းနှင့်အထက် ဝယ်ယူပိုင်ဆိုင်ထားသူသည် ဘဏ်ဒါရိုက်တာအဖြစ် ရွေးချယ်ပိုင်ခွင့်ရှိသည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ပြည်ဘဏ်ခွဲအဆောက်အအုံကို တွေ့ရစဉ်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်သည် ဘဏ်လုပ်ငန်းများ တိုးတက်ခိုင်မာအောင် ဆောင်ရွက်ခြင်းဖြင့် တစ်နှစ်ထက်တစ်နှစ် အမြတ်ငွေများ တိုးတက်ရရှိခဲ့ပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်သို့ ကြိုတင်ဝင်ငွေခွန်အဖြစ် ကျပ်သန်း ၁၀၀ ပေးဆောင်ထားပြီး စုစုပေါင်း ဝင်ငွေခွန် ကျပ်သန်း ၆၉၈ ဒသမ ၁၇ ပြည့်သည်အထိ ထပ်မံပေးဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် စတင်တည်ထောင်စဉ်က အရာထမ်း ၃၀၊ အမှုထမ်း ၁၁၂ ဦး စုစုပေါင်း ၁၄၂ ဦးသာရှိခဲ့သော်လည်း ယခုအခါ ဘဏ်လုပ်ငန်းများတိုးချဲ့ဆောင်ရွက်လာနိုင်ခြင်း၊ ရန်ကုန်(ရုံးချုပ်)နှင့် ဘဏ်ခွဲငါးခု၊ ငွေလွှဲဌာနတစ်ခုတိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ခြင်းတို့ကြောင့် ဝန်ထမ်းအင်အားကိုလည်း လုပ်ငန်းပမာဏနှင့် လျော်ညီစွာတိုးမြှင့်ခဲ့ရာ အရာထမ်း ၂၉ ဦး၊ အမှုထမ်း ၁၅၉ ဦး စုစုပေါင်း ၁၈၈ ဦးအထိ ရှိလာပြီဖြစ်သည်။

ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ရာတွင် မန္တလေးဘဏ်ခွဲကို ၁၇-၉-၁၉၉၆ တွင် လည်းကောင်း၊ မိတ္ထီလာဘဏ်ခွဲကို ၂၂-၈-၁၉၉၈ တွင်လည်းကောင်း၊ ဘုရင့်နောင်ငွေလွှဲဌာနကို ၇-၄-၂၀၀၆ တွင် လည်းကောင်း၊ မုံရွာဘဏ်ခွဲကို ၂၈-၄-၂၀၀၉ တွင်လည်းကောင်း၊ နေပြည်တော်ဘဏ်ကြီးကို ၃၀-၉-၂၀၀၉ တွင်လည်းကောင်း၊ ပြည်ဘဏ်ခွဲကို ၂၆-၄-၂၀၁၀ တွင် လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့သည်။ ပခုက္ကူဘဏ်ခွဲကို အချိန်မီဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိသည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ဝန်ထမ်းများ ဘဏ်လုပ်ငန်းအရည်အသွေးတိုးတက်မြင့်မားရေးအတွက် ဘဏ်ခွဲအသစ်များ စတင်မဖွင့်လှစ်မီ ဝန်ထမ်းအသစ်များကို စာတွေ့လက်တွေ့ သင်တန်းများပေးခြင်းအပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့်

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် စိုက်ပျိုးရေးကို အခြေခံသောစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ စက်မှုထုတ်ကုန်များအရေအတွက်နှင့် အရည်အချင်း တိုးတက်မြင့်မားရေး၊ စက်ပစ္စည်းကိရိယာအမည်သစ်များ တိုးတက်ထုတ်လုပ်ရေး၊ စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ ထုတ်လုပ်ရေးနှင့် နိုင်ငံတော်ကို စက်မှုနိုင်ငံတော်အဖြစ် ပြောင်းလဲရာတွင် အခြေအနေကောင်းများ ရရှိရေးဟူသော ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်ကို ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ . . .

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ဝန်ကြီး ဦးသိန်းဆွေတို့ ဘူးသီးတောင်မြို့နယ် သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၁၉

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများသည် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိကြပြီး လေဆိပ်ခန်းမ၌ကျင်းပသည့် ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ် အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် သဘာဝဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ ဥက္ကဋ္ဌ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ဘူးသီးတောင်မြို့၌ သဘာဝဘေး ဒဏ်သင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်စဉ်။
(သတင်းစဉ်)

အစည်းအဝေးတွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်က ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဇွန် ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ အဆောက်အအုံများပျက်စီးမှု၊ ရေကြီးနစ်မြုပ်မှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ခြင်းကြောင့် အိမ်ထောင်စုများအား ယာယီရွှေ့ပြောင်းနေရာချထားပေးခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးထားခြင်း၊ ထိခိုက်ဒဏ်ရာရ ပြည်သူများအား ဆေးဝါးကုသမှု လုပ်ငန်းများ ဆောင်ရွက်ပေးထားခြင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီး ဦးသိန်းဆွေနှင့် ဝန်ကြီး ဦးမောင်မောင်ဆွေတို့က လိုအပ်သည်များ ဆွေးနွေးမှာကြားကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ဘူးသီးတောင်မြို့သို့ ရောက်ရှိကြရာ ဘူးသီးတောင်ရိပ်သာ၌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် တာဝန်ရှိသူတို့က ရခိုင်ပြည်နယ်ရှိ မြို့နယ်များ၌ ရေကြီးနစ်မြုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တက်ရောက်အားပေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ဘူးသီးတောင်မြို့ စည်ပင်သာယာရေးဈေး၌ ဈေးသူ၊ ဈေးသားများ ဈေးရောင်းချမှုအခြေအနေကို ကြည့်ရှုအားပေးကြပြီး ဘူးသီးတောင်မြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည့် ဘူးသီးတောင်မြို့ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးကြသည်။

ပေးအပ်

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများက ဘူးသီးတောင်မြို့ ရေဘေးသင့်ပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ၊ ရေဘေးသင့် သေဆုံးသူများအတွက် အလှူငွေများကို ပေးအပ်ကြသည်။

ယင်းနောက် ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်ကာ အားပေးစကားပြောကြားကြသည်။

ထို့နောက် ရွာမကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကြပြီး သဘာဝဘေးဒဏ်သင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားကြကာ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ဘူးသီးတောင်မြို့ အမှတ်(၅) ရပ်ကွက်သို့ သွားရောက်၍ တောင်ကျရေထိုးဆင်းမှုကြောင့် ဘေးဒုက္ခကြုံတွေ့ခဲ့ရသော နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်သူများအား အားပေးစကားများ ပြောကြားကြကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ ဥက္ကဋ္ဌ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ဘူးသီးတောင်မြို့၌ သဘာဝဘေး ဒဏ်သင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်စဉ်။
(သတင်းစဉ်)

မြို့တော်ဝန် ဦးအောင်သိန်းလင်း လှိုင်သာယာ၌ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ မြရတနာလမ်းများအဆင့်မြှင့်ရေး ကွန်ကရစ်လမ်းခင်းကျင်းနေမှု ကြည့်ရှု

ရန်ကုန် ဇွန် ၁၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ဇွန် ၁၇ ရက်နံနက် ၈ နာရီခွဲတွင် လှိုင်သာယာမြို့နယ် အမှတ်(၂) ရပ်ကွက် ဗထူးလမ်းရှိ သံဃရက္ခိတမွှာရုံ၌လည်းကောင်း၊ အမှတ်(၁၈)ရပ်ကွက် အောင်ဆန်းသူရိယလမ်းရှိ အေးရိပ်သာယာမွှာရုံ၌ လည်းကောင်း ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ လှိုင်သာယာမြို့နယ် အမှတ်(၁၈)ရပ်ကွက်ရှိ သီတဂူလမ်းနှင့် ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ မြရတနာလမ်းများ အဆင့်မြှင့်ရေးတို့အတွက် ကွန်ကရစ်လမ်းခင်းကျင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်သည် ရွှေပြည်သာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

[illegible]

အထွေထွေဘဏ်လုပ်ငန်း သင်တန်းသို့ သင်တန်းသား ၃၃ ဦး၊ ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်း (Diploma In Banking)သို့ သင်တန်းသား ရှစ်ဦးကို တက်ရောက်စေခဲ့ပြီးဖြစ်သည်။ လက်ရှိတွင် ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်း၌ သင်တန်းသားလေးဦး တက်ရောက်လျက်ရှိသည်။

ဘဏ်ဝန်ထမ်းများ စိတ်ချမ်းမြေ့စွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရေးနှင့် မိသားစုသက်သာချောင်ချိရေးတို့အတွက် အချိန်ပိုလုပ်ခနှင့် ကျွေးမွေးစရိတ်များ ခံစားခွင့်ပြုခြင်း၊ တူညီဝတ်စုံများအခမဲ့ထုတ်ပေးခြင်း၊ ဆုကြေးငွေများခံစားခွင့်ပြုခြင်းအပြင် ဝန်ထမ်းများ၏သာရေး၊ နာရေးများကို ကူညီထောက်ပံ့ပေးလျက်ရှိသည်။

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၏(၁၅)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေးကို လာမည့်ဇွန် ၂၆ ရက်(စနေနေ့)တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းသစ် အမှတ်(၂)ရှိ မြန်မာနိုင်ငံဘဏ်များအသင်း ဇဗ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ အစည်းအဝေး၌ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် (၁၅) ကြိမ်မြောက်နှစ်ပတ်လည်စုံညီ အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာကို အတည်ပြုဆုံးဖြတ်ကြမည်ဖြစ်ကြောင်းသိရသည်။

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်သည် ဘဏ်နှင့်ဆက်သွယ်သူများနှင့် လုပ်ငန်းရှင်များ၏ အကျိုးစီးပွားအတွက် အဘက်ဘက်မှ အဆင်ပြေချောမွေ့စွာ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ထောင်ရေးတွင် တစ်တပ်တစ်အား ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

ဘဏ်ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေ

မြန်မာ့ စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ရန်ကုန်(ရုံးချုပ်)တွင် ဘဏ်ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး ကျိုင်းတုံလေဆိပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၄ရက် မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကာ စာသင်ဆောင်နှင့် ပညာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျိုင်းတုံလေဆိပ် စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လေယာဉ်ပြေးလမ်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တန့်ယန်းမြို့နယ်ရဲတပ်ဖွဲ့ ပညာသင်စရိတ်ထောက်ပံ့

တန့်ယန်း ဇွန် ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် တန့်ယန်းမြို့နယ်ရဲတပ်ဖွဲ့က ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် စာရေးကိရိယာနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၄ ရက် နံနက်တွင် မြို့နယ်ရဲတပ်ဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်သိန်းနှင့် ဇနီးဒေါ်မာမာပြုံးတို့ တက်ရောက်ကာ မိသားစုတပ်ဖွဲ့ဝင်များ၏ သား၊ သမီးများအားစာရေးကိရိယာနှင့် ပညာသင်စရိတ်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

ပုသိမ်မြို့ မဟာဗန္ဓုလပန်းခြံအတွင်းနှင့် ပန်းခြံရှေ့ မြေယာရှုခင်းအလှ ပြုပြင်ခြင်းလုပ်ငန်းကို ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင် ကြီးကြပ်စဉ်။

(သတင်းစဉ်)

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် နန်းဟောဝန်ပန်းခြံအတွင်း ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးဇော်ဝင်း ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးဝင်းမင်းလတ် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကျင်းပ

ဟားခါး ဇွန် ၁၉

ချင်းပြည်နယ် ဟားခါးမြို့ မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ယနေ့နံနက် ၇ နာရီတွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပွဲတော်သို့ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးနေဝင်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၀၀ ကျော် တက်ရောက်ကြပြီး သစ်ပင်များစိုက်ပျိုးပေးကြသည်။

ချယ်ရီနှင့်ယူကလစ်

ယင်းသစ်ပင်စိုက်ပွဲတော်တွင် ချယ်ရီနှင့်ယူကလစ်ပင်ပေါင်း ၁၇၃၀ စိုက်ပျိုးကြကြောင်းသိရသည်။ (ပြည်နယ်ပြန်/ဆက်)

အင်အား အသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇွန် ၁၉

ဇွန် ၁၉ ရက် မြန်မာစံတော်ချိန် နံနက် ၅ နာရီ မိနစ် ၄၀ ၁၄ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင် တိုင်းထွာရေးစခန်းမှ အနောက်တောင်ဘက် မိုင် ၃၂၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ၊ ကပ္ပလီကျွန်း)နေရာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မုတ်သုံလေ ဆက်လက်အားကောင်းနေ

နေပြည်တော် ဇွန် ၁၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(ရေဆင်း)တွင် သုည ဒသမ ၃၉ လက်မ၊ ကသာမြို့တွင် ၃ဒသမ ၀၇ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၂၅ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ဖြူးမြို့တွင် ၁ ဒသမ ၇၃ လက်မနှင့် ရွှေဘိုမြို့တွင် သုညဒသမ ၉၈ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၂၀ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ ဆက်လက်အားကောင်းနေသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၂ ဒသမ ၈ ဒီဂရီစင်တီဂရိတ်) ၉၁ ဒီဂရီဖာရင်ဟိုက်	၁၈-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ ဒသမ ၁ ဒီဂရီစင်တီဂရိတ်) ၇၇ ဒီဂရီဖာရင်ဟိုက်	၁၉-၆-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ ၇၅ ရာခိုင်နှုန်း	၁၉-၆-၂၀၁၀
နေပူသည့်နာရီပေါင်း ၄ ဒသမ ၆ နာရီခန့်	၁၈-၆-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၉-၆-၂၀၁၀	မရှိပါ	မရှိပါ	မရှိပါ
၁-၁-၂၀၁၀ မှ	၆၃၈မမ	၇၀၂မမ	၇၀၆မမ
ယနေ့အထိ	(၂၅.၁၂လက်မ)	(၂၇.၆၄လက်မ)	(၂၇.၈၀လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၈-၆-၂၀၁၀ ရက် ၃း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီငါးမိုင်နှုန်း တိုက်ခတ်သည်။

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ပြည်သူ့ထံမှ ပေးစာများ

ရေစီးရေလာ ကောင်းစေလို

စာတည်းရှင့်-

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ ဦးဘချိုလမ်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာမကောင်းပါသဖြင့် မိုးတွင်းကာလသို့ရောက်တိုင်း ဦးဘချိုလမ်းတစ်လျှောက် ရေများပြည့်လျှံလျက်ရှိရာ သက်ကြီး ရွယ်အိုများနှင့် ကလေးများ ခရီးသွားများ သွားလာရန် အခက်အခဲကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဦးဘချိုလမ်းသားများ

လမ်းမြေပေါ်တံတိုင်းခတ် ယာဉ်သွားလာမှုကျပ်

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ မြို့မ(၃)ရပ်ကွက်၊ ရွာသာဖြတ်လမ်းရှိ နှစ်ထပ်တိုက်တစ်လုံးသည် တိုက်ရှေ့ရေမြောင်းကို ခြောက်ပေခန့်ကျော်၍ အုတ်တံတိုင်းခတ်ထားရာအရေးပေါ်ယာဉ်များသွားလာရာတွင် အခက်အခဲတွေ့ကြုံနိုင်ပါသည်။ သို့ဖြစ်ပါ၍ လမ်းမြေပေါ် ကျူးကျော်အုတ်တံတိုင်းခတ်ထားခြင်းကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဒလသား

လက်ဖက်ရည်ဆိုင် ညှော်နံ့နံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊လမ်း(၁၃၀)နှင့် မြယာကုန်းလမ်းထောင့်ရှိ မြေပေါ်တွင် ကျူးကျော်ပြီး လက်ဖက်ရည်ဆိုင်ဖွင့်လှစ်ထားရာ ယာဉ်အသွားအလာခက်ခဲခြင်း၊ ရေမြောင်းကိုခွ၍ ဆိုင်ဖွင့်ထားခြင်းကြောင့် ရေစီးရေလာပိတ်ဆို့ခြင်း၊ လက်ဖက်ရည်ဆိုင်မှ ညှော်နံ့ နံခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မြယာကုန်းသား

အုတ်နံရံကပ်ဆိုင်ခန်းများ ရှင်းလင်းစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ချမ်းမြသာစည်လမ်းတွင်းရှိ အမက(၁၆) အင်းစိန်ကျောင်းဘေး အုတ်နံရံကိုကပ်လျက် သားငါးကုန်စိမ်းများရောင်းချလျက်ရှိရာ စွန့်ပစ်ပစ္စည်း အညစ်အကြေး၊ အညှီနံ့များကြောင့် ကလေးသူငယ်များနှင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသည်။ ထို့အပြင် ဆိုင်ခန်းများပေါ်၌ ညအချိန် မှောင်ရိပ်ခိုသူများလည်းရှိနိုင်ပါသဖြင့် အဆိုပါ ကျူးကျော်ဆိုင်ခန်းများအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

ရပ်ကွက်အတွင်း ဝက်မွေးမြူအနံ့ဆိုးနံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ စပါယ်လမ်းရှိ အိမ်တစ်အိမ်၏ နောက်ဖေးလမ်းကြားတွင် ဝက်များကို စီးပွားဖြစ်မွေးမြူလျက်ရှိရာ အညစ်အကြေးနှင့် အနံ့ဆိုးများကို စပါယ်လမ်းနှင့် ကန်သာယာလမ်း ပတ်ဝန်းကျင်နေထိုင်သူများ နေ့စဉ်ရှူရှိုက်နေရသောကြောင့် ကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

လမ်းမပေါ်ဆိုင်တိုးချဲ့ သွားလာရေးခက်

စာတည်းရှင့်-

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်လမ်းမကြီးကို ကတ္တရာလမ်းခင်းပေးခဲ့ရာ ယခုအခါ ကောင်းမွန်နေပါသည်။ သို့သော် ယင်းလမ်းမကြီးဘေးရှိ စားသောက်ဆိုင်များသည် လမ်းမပေါ်အထိတိုး၍ အခိုင်အမာဆောက်လုပ်ထားလျက်ရှိရာ ကားရပ်နားရန်နှင့် သွားလာရန်နေရာမရှိသောကြောင့် ကတ္တရာလမ်းမပေါ်တွင် ကားရပ်နားခြင်း၊ သွားလာခြင်းများ ပြုလုပ်နေကြရပါသဖြင့် ကျောင်းနေကလေးငယ်များ ယာဉ်အန္တရာယ် စိုးရိမ်ရပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်အန္တရာယ်စိုးရိမ်သူ

ဝက်မွေးမြူ ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိ

စာတည်းခင်ဗျား-

မကွေးမြို့၊ အောင်ရတနာရပ်ကွက်၊ ရန်နိုင်(၂၄)လမ်းရှိ နေအိမ်တစ်အိမ်တွင် ဝက်များစီးပွားဖြစ်မွေးမြူ၍ ဝက်သားဖောက်ရောင်းဝယ်လျက်ရှိရာ အညစ်အကြေးနံ့များ နံစော်ပြီး ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပတ်ဝန်းကျင်သန့်ရှင်းလိုသူ

ခွေးလေခွေးလွင့် ရှင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်းနှင့်စိတ္တသုခလမ်းထောင့်ပတ်ဝန်းကျင်၌ ခွေးလေခွေးလွင့်များ များပြားလျက်ရှိရာ အနီးရှိ စာသင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ၊ ကလေးသူငယ်များနှင့် လမ်းသွားလမ်းလာများ မကြာခဏ ခွေးကိုက်ခံကြရပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ခွေးကြောက်သူများ

◆ **နယ်သာလန်မှ**

ဖြစ်တာကြောင့် လူစုံထုတ် ပွဲထွက်လာခဲ့ပါတယ်။ နယ်သာလန်အသင်းမှာ ဘရွန်ခရော့ခ်၊ ဗန်ဘွန်မဲလ်၊ ဒရက်ကောက်၊ ဒီဂျုန်း၊ ဗန်ပါစီ၊ ရှနိုက်ဒါ၊ ဗန်ဒါဗက်စတဲ့ အဓိကကစားသမားများနဲ့ ပွဲထွက်လာကာ ဂျပန်အသင်းကတော့ နာကာတာ၊ နာဂါတိုမို၊ အန်ဒို၊ မတ်ဆူး၊ အိုကူဘူ၊ ဟွန်ဒါ၊ နာကာဇာဝါတို့နဲ့ နယ်သာလန်အသင်းကို ပြန်လည်ရင်ဆိုင်ခဲ့ပါတယ်။

ဂျပန်အသင်းဟာ နယ်သာလန်အသင်းထက် အင်အားနည်းတဲ့ အသင်းဖြစ်ပေမယ့် စိတ်ဓာတ်ကောင်းကောင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တာကြောင့် နယ်သာလန်အသင်း ထင်တိုင်းမပေါက် ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ပထမပိုင်းမှာ ကစားကွက်တည်မရတဲ့ နယ်သာလန် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဒုတိယပိုင်း ၅၃ မိနစ်ရောက်မှ အဖွင့်ဂိုးစတင်ရရှိခဲ့ပါတယ်။ ဒီဂိုးကတော့ နယ်သာလန် တိုက်စစ်မှူး ဗန်ပါစီ ဂိုးဧရိယာအတွင်းကနေ နောက်ကပါလာတဲ့ ရှနိုက်ဒါကို ပြန်ချပေးရာ ရှနိုက်ဒါရဲ့ ဂိုးစည်းအပြင်ကနေ အပြင်းကန်သွင်းမှုကို ဂျပန်ဂိုးသမား ကာဝါရှိမာ ပုတ်ထုတ်ပေမယ့် ဂိုးဝင်သွားခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ နယ်သာလန်အသင်းကသာ ဆက်လက်ဖိအားပေးတိုက်စစ်ဆင်လာခဲ့ရာ ပွဲချိန် ၈၄ မိနစ်နဲ့ ၈၈ မိနစ်တို့မှာ ရှနိုက်ဒါအစား လူစားဝင်လာတဲ့ အက်ဖယ်လေ ဂျပန်ဂိုးသမား ကာဝါရှိမာနဲ့ တစ်ဦးချင်း နှစ်ကြိမ်တိတိတွေ့ပြီး ကန်သွင်းခွင့်ရခဲ့ပေမယ့် ဂိုးအဖြစ် အသုံးမချနိုင်ခဲ့တာကြောင့် ပွဲအပြီးမှာ ဂျပန်အသင်းကို တစ်ဂိုးတည်းနဲ့သာ ကပ်နိုင်ခဲ့ရပါတယ်။ ဒီပွဲရဲ့ အကောင်းဆုံးကစားသမားဆုကို နယ်သာလန်ကစားသမားရှနိုက်ဒါကရရှိသွားပါတယ်။

ဂါနာ ၁-၁ ဩစတြေးလျ

ယနေ့ညရဲ့ ဒုတိယပွဲစဉ်အဖြစ် အုပ်စု (D)က ဂါနာအသင်းနဲ့ ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။ ဂါနာအတွက်ဂိုးကို ပွဲချိန် ၂၅ မိနစ်မှာ ဂျီယန် (ပယ်နယ်တီ)ကသွင်းယူခဲ့ပြီး ဩစတြေးလျအတွက်ဂိုးကို ပွဲချိန် ၁၁ မိနစ်မှာ ဟိုလ်မန်က သွင်းယူခဲ့ပါတယ်။ ဒီပွဲမှာ ဩစတြေးလျကစားသမား ကီးဝဲလ် ပွဲချိန် ၂၅ မိနစ်မှာ အနီကတ်ပြ ထုတ်ပယ်ခြင်းခံခဲ့ရပါတယ်။

အင်္ဂလန် ၀-၀ အယ်လ်ဂျီးရီးယား

စနေနေ့နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အုပ်စု(C)မှ အင်္ဂလန်အသင်းနဲ့ အယ်လ်ဂျီးရီးယားအသင်းတို့ပွဲမှာ ဂိုးမရှိသရေကျခဲ့ပါတယ်။ ဒါကြောင့် ဒီအုပ်စုမှာ ဆလိုဗေးနီးယားအသင်းက လေးမှတ်၊ အင်္ဂလန်အသင်းက နှစ်မှတ်၊ အမေရိကန်အသင်းက နှစ်မှတ်နဲ့ အယ်လ်ဂျီးရီးယားအသင်းက တစ်မှတ်နဲ့ အုပ်စုတက်ရေးအကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကြရဦးမှာပါ။

အင်္ဂလန်အသင်းနှင့် အယ်လ်ဂျီးရီးယားအသင်းတို့ ပွဲအပြီး အင်္ဂလန်အသင်းမှ လမ်းပတ်နှင့် ဝိန်းရွန်နေးတို့အားတွေ့ရစဉ်။

အကြိတ်အနယ်ယှဉ်ပြိုင်ကြမည့် ဆလိုဗက်ကီးယားနှင့် ပါရာဂွေး ပြိုင်ဆိုင်မှု ပြင်းထန်လာဦးမည့် ဘရာဇီးနှင့် အိုင်ဗရီကို့စ်

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဆလိုဗက်ကီးယားနဲ့ ပါရာဂွေး၊ အီတလီနဲ့ နယူးဇီလန်၊ ဘရာဇီးနဲ့ အိုင်ဗရီကို့စ်တို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာ ဖြစ်တာကြောင့် ဘရာဇီးနဲ့ အိုင်ဗရီကို့စ်တို့ရဲ့တွေ့ဆုံမှုက ပြိုင်ဆိုင်မှု ပြင်းထန်လာဦးမှာပါ။

ဆလိုဗက်ကီးယား-ပါရာဂွေး
၂၀-၆-၂၀၁၀(တနင်္ဂနွေနေ့)
ညနေ ၆နာရီ

အုပ်စု(F)က ဆလိုဗက်ကီးယားအသင်းနဲ့ ပါရာဂွေးအသင်းတို့ဟာ တစ်မှတ်စီရထားတာကြောင့် အုပ်စုတက်ရေးမျှော်လင့်ချက်က ဆတူရှိနေပါတယ်။ ဆလိုဗက်ကီးယားအသင်းရဲ့ခြေစွမ်းက မဆိုးသလို အီတလီအသင်းကို တစ်ဂိုးစီသရေကစားခဲ့တဲ့ ပါရာဂွေးရဲ့ခြေစွမ်းကလည်း ထင်တာထက်ပိုကောင်းနေတာကို တွေ့ရပါတယ်။ ဒီနှစ်သင်းရဲ့ခြေစွမ်းက ကွာဟမှု ကျဉ်းမြောင်းပေမယ့် ဆန်တနာ၊ ကာဒိုဇို၊ ဆန်တာခရုဇ်နဲ့ ဗဲလ်ဒက်ဇ်တို့ရှိနေတဲ့ ပါရာဂွေးအသင်းက နှာတစ်ဖျားသာနေပါတယ်။

အီတလီ-နယူးဇီလန်
၂၀-၆-၂၀၁၀(တနင်္ဂနွေနေ့)
ည ၈း၃၀နာရီ

နှစ်သင်းလုံး တစ်မှတ်စီရထားတာကြောင့် အနိုင်ရလဒ်ကို ပုံဖော်နိုင်တဲ့အသင်းက အုပ်စုတက်ရေးမျှော်လင့်ချက်ရှိမှာဖြစ်တာကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်ရုန်းကန်လာကြမှာပါ။ နယူးဇီလန်အသင်းဟာ ဆလိုဗက်ကီးယားအသင်းနဲ့ ပွဲမှာ ကံကောင်းထောက်မစွာနဲ့ တစ်မှတ်ရခဲ့ပေမယ့် ပီယာလို၊ ဂီလာဒီနို၊ ပီပီ၊ ဒီနာတယ်လီတို့ရဲ့ တွဲလုံးတွေနဲ့ ထိုးဖောက်လာမယ့် အီတလီအသင်းတိုက်စစ်ကို ဘိုရန်းစ်၊ လော့ချ်ဟတ်၊ နယ်လ်ဆင်တို့ရဲ့ နယူးဇီလန်နောက်တန်း ခက်ခက်ခဲခဲ ထိန်းချုပ်ရဖွယ်ရှိနေတာကြောင့် မာဆယ်လိုလစ်ပီရဲ့ အီတလီအသင်းကိုပဲ အရဲစွန့်အားပေးချင်ပါတယ်။

ဘရာဇီး-အိုင်ဗရီကို့စ်
၂၁-၆-၂၀၁၀(တနင်္လာနေ့)
နံနက် ၁ နာရီ

အုပ်စု(G)က ဘရာဇီးအသင်း သုံးမှတ်ရထားပေမယ့် အိုင်ဗရီကို့စ် အသင်းကတော့ ပေါ်တူဂီအသင်းနဲ့ သရေကျထားတာကြောင့် တစ်မှတ်ပဲ ရထားပါသေးတယ်။ ဖေဘီယာနို၊ ရော်ဘင်ဟိုနဲ့ ကာကာတို့ ပါဝင်တဲ့ ဘရာဇီးအသင်းဟာ ထင်သလောက် ခြေစွမ်းမပြနိုင်သလို ဒရော့ဘာ၊ ကာလူး၊ ဂျာဗင်ဟိုတို့ ပါဝင်တဲ့ အိုင်ဗရီကို့စ်အသင်းကလည်း လျှော့တွက်လို့မရပါဘူး။ သရေကျဖို့ရာနှုန်းများနေပြီး ဘရာဇီးအသင်းအနိုင်ရလဒ်ကို ပုံဖော်နိုင်မယ်ဆိုရင်တော့ အုပ်စုတက်ဖို့အခွင့်အရေးရသွားမှာပါ။

ဝင်းတင်
(ကြေးမုံ)

❒ **ကျောဖုံးမှ**

မြို့နယ် (စိုက်တိုးမြှင့်) အဖွဲ့များမှလည်း မိမိတို့ ဇုန်နယ်မြေများအလိုက် ကွင်းဆင်းကာ တောင်သူများနှင့် ထိတွေ့ ပညာပေးဆွေးနွေးကြသည့်အတွက် တောင်သူများသည်လည်း တကယ်လုပ်လျှင် အဟုတ်ဖြစ်သည်ကို လက်တွေ့ကျကျ သိမြင်လာကြပြီး လယ်မြေများကို အချိန်မှန် ဓာတ်မြေဩဇာကျွေးခြင်း၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ခြင်း၊ တမန်းနှိုး ပေါင်းမြက်သန့်စင်ခြင်းများကို ဂရုစိုက်ကြိုးပမ်း လုပ်ဆောင်လာကြောင်း တွေ့ရှိခဲ့ရသည်။ ။

ကြွက်မှတစ်ဆင့် ကူးစက်ရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

၁။ ကြွက်များသည် လူတို့၏ စားနပ်ရိက္ခာနှင့် ပစ္စည်းများကို ဖျက်ဆီးတတ်ရုံမက ကူးစက်ရောဂါများကိုပါ သယ်ဆောင်လာတတ်ပါသည်။ အထူးသဖြင့် ပလိပ်ရောဂါသည် ကြွက်တို့၏ သန်းမှတစ်ဆင့် ကူးစက်ပြီး ကပ်ရောဂါဖြစ်စေနိုင်ပါသည်။ လူနာများမှတစ်ဆင့် ကူးစက်ကာ ကပ်ရောဂါဆိုးအသွင်လည်း ဖြစ်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍

(က) မိမိတို့ အိမ်၊ ရုံး၊ ဈေးနှင့်ပတ်ဝန်းကျင်တွင် ကြွက်များ ဝင်ရောက်ခိုအောင်း ပေါက်ပွားမှု မရှိအောင် ကာကွယ်ပါ။

(ခ) မိမိတို့အနီးအနားတွင် ကြွက်များ ရုတ်တရက် သေဆုံးပါက ပလိပ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း သတိရှိပါ။

(ဂ) ပလိပ်ရောဂါ သံသယရှိသော ကြွက်များကို စစ်ဆေးနိုင်ရန် နီးရာ ကျန်းမာရေးဌာနသို့ အကြောင်းကြားပါ။

ကျန်းမာရေးဝန်ကြီးဌာန

အလှူငွေများ ပေးအပ်

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၂၃)လမ်းနှင့် (၆၄)လမ်းထောင့်ရှိ သူရိန်ဆီစက်၌ ကွယ်လွန်သူစာရေးဆရာမကြီး ဒေါ်ခင်စော(အငြိမ်းစား မြန်မာစာပါမောက္ခ) အားရည်စူး၍ ကျန်ရစ်သူမိသားစုက လူမှုရေးအဖွဲ့ (၁၀)ဖွဲ့အား အလှူငွေများ ပေးအပ်ပွဲတွင် အောင်မြေသာစံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွက် ငွေကျပ် တစ်သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ ဦးထွဏ်းလှအောင် (မိုးဇော်အောင်-မန္တလေး) လက်ခံယူစဉ်။

(၃၈၇)

ပြည့်ဖြိုးအောင်
(ဖျာပုံ)

A ရှယ်နှင့် SB ပေါ်ဆန်းမွှေးများကို စားသောက်ဆိုင်များနှင့် ပြန်လည်ရောင်းချလိုသူများအား ဈေးနှုန်းချိုသာစွာဖြင့် လက်လီ၊လက်ကားရရှိနိုင်ပါသည်။ အရောက်ပို့သည်။

Ph: 212498,706998,09-5159430

ရောင်းရန်ရှိသည်

(၁) နို့နှင့်နို့ချဉ်ထုတ်လုပ်သည့်စက်အစုံအလင်
(၂) အချိုရည်ထုတ်လုပ်သည့်စက် အစုံအလင် ထုတ်လုပ်နည်းပါပေးမည်။

လိပ်စာ- ၆၆၃၊ သံလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ်။

ဖုန်း-၅၀၄၄၉၅၊ ၇၃၀၃၅၅၆၈

လုပ်ငန်းရှင်များအတွက် သတင်းကောင်း

အလီဘာဘာပလတ်စတစ်ပုံနှိပ်တိုက်မှ လူကြီးမင်းများ၏ ထုတ်ကုန်ထုပ်ပိုးမှုကို နည်းပညာသစ်ဖြင့် ဆလင်ဒါ (ဘလောက်)၊ တံဆိပ်အိတ်မျိုးစုံပြုလုပ်ပေးနိုင်ပြီး၊ ဈေးနှုန်းချိုသာစွာ အရည်အသွေးအကောင်းဆုံးဖြင့် လက်ခံဆောင်ရွက်ပေးပါမည်။

လိပ်စာ-၆၆၃၊ သံလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်

ဖုန်း-၀၁ ၅၀၄၄၉၅၊ ၇၃၀၃၅၅၆၈

ပိုလျှံသော ဆောက်လုပ်ရေးလုပ်ငန်းသုံး 12 mm, 7'x10'၊ clear float မှန်များ ဈေးနှုန်းချိုသာစွာ ရောင်းရန်ရှိသည်။

ဖုန်း-၀၉ ၅၁၉၃၃၆၄၊ ၃၉၄၂၂၃

လှိုင်သာယာမြေကွက်များ ဝယ်လိုသည်။
ပေ(၄၀×၆၀)
ဖုန်း-၃၈၂၃၇၉၊ ၀၉၅၁၄၅၄၅၀

အမည်ပြောင်း
အထက(၃) မင်္ဂလာတောင်ညွန့် နဝမတန်း(D)မှဦးမင်းအောင်၏သမီး မအိသန္တာအောင်အား မအိသန္တာဟု ပြောင်းလဲ ခေါ်ပါရန်။
မအိသန္တာ

ဆိုင်ခန်းရောင်းမည်
ယုဇနပလာဇာ ဝင်ပေါက် ၁၅၊မြေညီထပ်၊ပင်မဝင်ပေါက် လမ်းမပေါ် P.36(7'x8') အလူမီနီယံဆွဲတံခါး ဆိုင်ခန်းပြင်ဆင်ပြီး၊လက်ရှိဆိုင်ထွက်နေသည်။
ဆက်သွယ်ရန်
ဖုန်း-၂၀၀၅၈၆၊ ၂၉၈၈၇၄

ကျေးဇူးဆပ်ပါမည်
မချယ်ရီဦး [၄/မတပ(နိုင်) ၀၃၇၀၀၇]၏ နိုင်ငံကူးလက်မှတ် အမှတ် A-၀၆၂၁၆၂ သည် ခရီးသွားရင်းပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဆက်သွယ်ရန်ဖုန်း-၀၉ ၅၀၄၈၀၀၄

အမည်ဖြည့်စွက်ခေါ်ပါရန်
ခရမ်းမြို့ ၁၁ ရပ်ကွက်နေ အဖ ဦးသောင်းကြည်၏သား မောင်တင်အောင်မြင့်[၁၂/ခရန(နိုင်)၀၁၄၃၉၆] အား မောင်တင်အောင်မြင့်(ခ) မောင်ဌေးအောင်ဟု ဖြည့်စွက်ခေါ်ပါရန်။
မောင်တင်အောင်မြင့်(ခ)မောင်ဌေးအောင်

ဖခင်အမည်မှန်
အထက(၁) အင်းစိန်/ နဝမတန်း (J)တွင် ပညာသင်ကြားနေသော မောင်ကျော်ကျော်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော်[၁၂/အစန(နိုင်) ၀၀၁၁၈၈]ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း
ကျွန်မ မန္တလေးရှိ နိုင်ငံကူး လက်မှတ် (A-156420) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉၈၅၃၄၄၁၈

အမည်ပြောင်း
အထက(၁) မြောက်ဥက္ကလာ VIII G မှ အဖဦးကိုကိုလှိုင်၏သမီး မထက်ဝတ်ရည်ကိုကို မွေးသက္ကရာဇ် ၁၄-၁၂-၉၆အား မယွန်းမေမီအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမြန်ရောင်းမည်(ညိုနိုင်းဈေး)
(၄၀'×၆၀')အမည်ပေါက်(ဘိုးဘွား) အရှေ့လှည့်(ဂုတ်ခြံ)ဇဝန၊ သဃ်န်းကျွန်း(သိန်း ၅၀၀)
Ph:0943351122
095180898

ကျေးဇူးဆပ်ပါမည်
ကျွန်တော် မောင်သက်ဝေလင်း CDC 62191 ၏ MEDICAL FIRST AID လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၉ ၅၀၄၃၁၇၂**

ကျေးဇူးဆပ်ပါမည်
ကျွန်တော်မောင်မင်းသူ(CDC No 56277)၏ S.I.Dကတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၂၀၆၀၉၂၊ ၀၉၅၁၆၀၈၂၃

တိုက်ခန်းအမြန်ငှားမည်
ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ် ၁၇'×၅၅'၊ ဖုန်းနှစ်လုံးပါ၊ဈေး(၄)သိန်း
ပထမထပ်-ဟောင်ကောင်နှစ်လွှာ
ဆက်သွယ်ရန်ဖုန်း-၆၆၂၈၀၆၊ ၀၉-၅၀၁၈၈၁၉

သွေးသည် အသက်

အထူးလျှော့ဈေး
ပျဉ်းကတိုးခွဲသား
ပျဉ်းကတိုး၊ လျှာထိုး
ဖုန်း-၀၉-၅၀၈၅၀၅၆



ဥတုရာသီ တောကိုမှီ၏

ဝန်ထမ်းသားသမီးများအား ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်း

ပဲခူး ဇွန် ၁၉

မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်း(အရှေ့)သစ်ထုတ်လုပ်ရေးဒေသများရှိ ဆင်ဝန်ထမ်းများ၏ရင်သွေးငယ် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၃ရက် နံနက်က ပဲခူး တောင်ပိုင်း သစ်ထုတ်လုပ်ရေးဒေသရုံး ပဲခူးမြို့၌ ကျင်းပသည်။ လှူဒါန်းပွဲအခမ်းအနားတွင် ပဲခူးတိုင်း(အရှေ့) သစ်ထုတ်လုပ်ရေးတွင် တာဝန်ထမ်းဆောင်ခဲ့သော အထွေထွေမန်နေဂျာ(အငြိမ်းစား)ဦးဝေလင်းက ကျောင်းသား၊ ကျောင်းသူ ၃၂၁ ဦးတို့အား တစ်ဦးချင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၄၀၃)

တောင်ငူမြို့နေ ဦးကျော်လှ(သတင်းစာဆရာ) နှင့် ဒေါ်ဒေဝကီးဒေဝီ (သမာဓိ-စတိုး)တို့၏ ဇွန် ၁၆ရက်တွင် ကျရောက်သော (၅၅)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့အထိမ်းအမှတ် ကုသိုလ်အဖြစ် သမာဓိ မိသားစုက ဇေယျာဝတီမြို့ လူမှုရေးကူညီမှုအဖွဲ့သို့ အလှူငွေကျပ် ၅၅၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးအောင်မြင့် လက်ခံရယူစဉ်။ (၄၇၂)

ရန်ကုန်ခရီးသွားဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ စာမူဖိတ်ခေါ်

ရန်ကုန် ဇွန် ၁၉

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)က စီစဉ်ထုတ်ဝေလျက်ရှိသော ရန်ကုန်ခရီးသွားဂျာနယ်အတွက် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ ခရီးသွားဂျာနယ်ဆိုင်ရာ အကြောင်းအရာသာမက မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တိုးပွားရေး၊ တောတောင်၊သယံဇာတ၊ ရိုးရာဓလေ့ထုံးများ ရသမြောက်ပေါ်လွင်အောင် ရေးသားနိုင်သည်။ ပြိုင်ပွဲဝင်စာမူကို A4 အရွယ်စာမျက်နှာတစ်ဖက်တွင်သာ ကွန်ပျူတာ၊ လက်နှိပ်စက်၊ ရှင်းလင်းပီသသောလက်ရေး နှစ်သက်ရာဖြင့် ငါးမျက်နှာမှ ခုနစ်မျက်နှာအထိ မူရင်းနှင့်အတူ မိတ္တူတစ်စောင်ကို အတွင်းရေးမှူး ရန်ကုန်ခရီးသွားဂျာနယ် ဝတ္ထုတိုပြိုင်ပွဲကော်မတီ အမှတ်(၄၇၄) ပထမထပ် သိမ်ဖြူလမ်း ကန်တော်လေးစာတိုက်ရှေ့ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၃၈၁၈၅၈ သို့ ဇူလိုင် ၃၁ရက်နောက်ဆုံးထား ပေးပို့နိုင်သည်။

(ကြေးမုံ)

မိုးဦးကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များလုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံရှိ မြစ်များ၏ ရေနည်းရာသီကာလ ကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိပြီဖြစ်၍ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလများတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမွှာပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန် အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများဖြစ်ပေါ်နိုင်သည်။ ရေအနက် မလုံလောက်သည့် ရေမွှာပေါက် ဖြတ်လမ်းများအား အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အဝင် ရေလမ်းကြောင်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် အပေါက်၌ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး မဝင်ရမည့်အပေါက်၌ အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများကို အနီရောင်မီးများဖြင့် တံတားပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေပြီဖြစ်ပြီး ရေလယ်တိုင် နှစ်ခုကြား၌ ရေစီးသန်မည်ဖြစ်သဖြင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့် တက်မထိန်းစနစ်များကို ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင်ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အားနှင့် စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများအား ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်း မပြုလုပ်ဘဲ တွဲတစ်တွဲချင်းဖြင့်သာ ဖြတ်သန်းကြရန် လိုအပ်သည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်သည့်အခါ ရေယာဉ်များအနေဖြင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြုမောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ရွှေချောင်းလျှပ်စစ်မြစ်ရေတင် ရောစိုက်ကွင်းကို တမန်းနှိုးပေါင်းမြက်သန့်စင်ခြင်း ဆောင်ရွက်နေကြစဉ်။

နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူတို့ ကြိုးပမ်းနေ

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ဖေထွဏ်းဇော်(ရေစကြို)

မကွေးတိုင်း ရေစကြိုမြို့နယ်တွင် နွေစပါးစိုက်ပျိုးရေး တစ်နှစ်ထက်တစ်နှစ် တိုးတက်လာမှုနှင့်အတူ ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်အောင်မြင်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❐

(၁၉) ကြိမ် မြောက် ၂၀၁၀ က မ္ဘာ့ ဖ လား ဘော လုံး ပြိုင် ပွဲ မြင် ကွင်း

နယ်သာလန်တို့ ထင်တိုင်းမပေါက်ခဲ့သော်လည်း တစ်ဂိုး-ဂိုးမရှိဖြင့် ဂျပန်အသင်းကို အနိုင်ရ

ဂျိုဟန်နက်စဘတ် ဇွန် ၁၉

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(E)မှ နယ်သာလန်အသင်းနဲ့ ဂျပန်အသင်းတို့ အစောပိုင်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ နယ်သာလန်အသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။

ရှနိုက်ဒါ၏ ကန်သွင်းမှုကို ဂျပန်ဂိုးသမားမည်သို့မျှ မကာကွယ်နိုင်ဘဲ ဂိုးဝင်သွားစဉ်။

နှစ်သင်းလုံး ပထမပွဲစဉ်မှာ သုံးမှတ်စီရထားပြီး ဒီပွဲနိုင်ရင် အုပ်စုတက်ရေး အခြေအနေကောင်းမှာ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ◆

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၉-၆-၂၀၁၀)
နေပြည်တော်(ရေဆင်း)
သုည ဒသမ ၃၉ လက်မ
ကသာ
၃ ဒသမ ၀၇ လက်မ
မြစ်ကြီးနား
၂ ဒသမ ၂၅ လက်မ
ဝို
၂ ဒသမ ၁၇ လက်မ